# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၁၁)ရက် ၊ တနင်္ဂနွေနေ့ ၊ (12-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၄၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ(National Solidarity and Peace– making Central Committee) ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၃၆ / ၂၀၂၆
၁၃၈၇ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ် ဧပြီလ ၁၁ ရက်)

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ (National Solidarity and Peace – making Central Committee) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်စေရေးအတွက် လိုအပ်သော မူဝါဒများချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ဆောင်ရွက်နိုင်ရန် **“အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ(National Solidarity and Peace – making Central Committee )”**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဦးမင်းအောင်လှိုင်<br>နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ဦးညိုစောဒုတိယသမ္မတ(၁) | ဒုတိယဥက္ကဋ္ဌ |

စာမျက်နှာ ၁၈ ကော်လံ ၁ 

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ(National Solidarity and Peace– making Working Committee) ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၃၇ / ၂၀၂၆
၁၃၈၇ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ် ဧပြီလ ၁၁ ရက်)

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee) ဖွဲ့စည်းခြင်း**

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **“အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ(National Solidarity and Peace – making Working Committee )”**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဦးညိုစော<br>ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်ချုပ်ကြီးကျော်စွာလင်း<br>ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် | ဒုတိယဥက္ကဋ္ဌ |

စာမျက်နှာ ၁၈ ကော်လံ ၁ ❍

# နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ပြည်ပအစိုးရကိုယ်စားလှယ်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံ အစိုးရကိုယ်စားလှယ်များသည် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာခဲ့သည်။

ယင်းကိုယ်စားလှယ်များကို နေပြည်တော်တပ်မတော်လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)








ရတနာပုံ
၂၀၂၆ ခုနှစ် ဧပြီ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# မဟာသင်္ကြန်ပွဲကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက်ပါဝင်ဆင်နွှဲ

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့မှ နှောင်းကဆုန်လဆန်း ၁ ရက်နေ့သည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့် အချိန်ဖြစ်သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းတွင် နှစ်သစ်ကူးအခါသမယအဖြစ် မဟာသင်္ကြန်ပွဲတော်ကို ကျင်းပလေ့ရှိသည်မှာ မြန်မာလူမျိုးတို့၏ အလွန်တန်ဖိုးရှိသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်သည်။ မဟာသင်္ကြန်ကာလတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့မှုပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသောမင်္ဂလာအမှုတို့ကို ပြုကြလေ့ရှိသည်။

ထို့ပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် အတာရေနှင့်ပတ်ဖြန်းကာဆေးကြောသန့်စင်ပြီး နှစ်သစ်သို့မင်္ဂလာရှိစွာ ကူးပြောင်းကြလေ့ရှိသည်။ ယနေ့ခေတ်တွင် လူငယ်တို့သဘာဝရေကစားကြရာတွင် အပျော်လွန်ပြီး ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်ထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့်အမင်္ဂလာများလည်း ဖြစ်တတ်သည်။ ထို့ပြင် အချို့နေရာများ၌ မဟာသင်္ကြန်၏ မူလရည်ရွယ်ချက်ကို လွဲမှားစေသည့် အပြုအမူများ၊ မဟာသင်္ကြန်ပွဲတော်၏ ရိုးရာဓလေ့တန်ဖိုးများကို မေ့လျော့လာကြသည်ကို တွေ့ရသည်။

ထို့ကြောင့် လူငယ်များအပါအဝင် ပြည်သူလူထုအားလုံးက မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းခြင်း၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲခြင်း၊ ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံ့တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ခြင်း၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းစသည့် ရည်ရွယ်ချက်ကောင်းတို့ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြရမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့်နေထိုင်မှု၊ ပြုမူမှုများ၊ ဘာသာတရား၏ အဆုံးအမနှင့်မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ၊ သူတစ်ပါးကို ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ၊ သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့်အပြုအမူများ၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သောအများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေသည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုများ၊ အခြားနိုင်ငံသားများ၏ အမြင်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူ၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်မှုတို့ကို ဆင်ခြင်ရှောင်ကြဉ်ရန် လိုအပ်ပေသည်။

သို့ဖြစ်ပါ၍ လူငယ်များအပါအဝင် ပြည်သူလူထုအားလုံးက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းပြီး ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲကြရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

## ဇလွန်မြို့နယ်တွင် ငါးမုတ်များအရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ငါးမုတ်များ ဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ဧပြီလပထမပတ်မှ ယနေ့ထိ ငါးမုတ်များ ဝယ်ယူမှု အားကောင်းလာပြီး ပိဿာချိန် အများအပြားအရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိ ငါးတွေထဲမှာ ငါးမုတ်တွေ ပိုမိုရောင်းချအားကောင်းနေပါတယ်။ ဒေသဈေးကွက်မှာကို ငါးမုတ်တွေ အဝယ်လိုက်လာလို့ အရောင်းအဝယ် ကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်"ဟု ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များ အပါအဝင် ဒေသထွက် ရေထွက်ကုန်များကို ဝယ်ယူပြီး အခြားဒေသများကို ဆက်လက်ဖြန့်ဖြူး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင် တိုင်းဒေသကြီး ဝန်ကြီးများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်တွေ့ဆုံ



**မန္တလေး ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဧပြီ ၁၀ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး (၈)ထပ်ဆောင်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများကို တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့တော်သန့်ရှင်းသာယာလှပရေးကို စီမံချက်များချမှတ်ပြီး ဆောင်ရွက်နေသော်လည်း ကြုံတွေ့နေရသည့် အားနည်းချက်များကို သုံးသပ်ကာ သန့်ရှင်းသာယာသော ပတ်ဝန်းကျင်များ ဖြစ်ပေါ်လာစေရန်၊ ပြည်သူ့အကျိုးအတွက် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လိုက်ပါပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရန် ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက စည်ပင်သာယာရေးကော်မတီတွင် ဌာန ၁၄ ခုရှိပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကာ ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြို့တော်သန့်ရှင်းရမည်၊ မြို့တော်သာယာလှပရမည်၊ မြို့တော်နေလူထု စိတ်ချမ်းသာရမည်ဆိုသည့် ရည်ရွယ်ချက်များအတိုင်း သန့်ရှင်းသာယာ၍လှပသော မြို့တော်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေထောက်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဟုမ္မလင်း ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေထောက်ပဲကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ကေ ၈၀၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၉ ဒသမ ၆၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ်တွင် မြေထောက်ပဲ ကေ ၈၀၂၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်းခြံရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကွမ်းခြံရိုးကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ကွမ်းခြံရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၂ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို ရန်ပုံငွေကျပ် ၄၄ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းနေ ဒေါ်စန်းစန်းမြင့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန်ဒေါက်တာဦးညွန့်သန်းက လက်ခံရယူစဉ်။

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကသာ ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၃၀၈၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ကသာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားတော်ပဲ ၃၀၈၄ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စားတော်ပဲစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စားတော်ပဲစိုက်ပျိုးရာမှာလဲ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စတဲ့တောင်သူ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲစိုက်ပျိုးရာတွင် စားတော်ပဲ အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးညိုမြို့နယ် ကျွန်းကလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေထုတ်ချေး

**မိုးညို ဧပြီ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကို ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျွန်းကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၃၁ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၃၁ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ မတ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မတ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ဘက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လပွတ္တာမြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ဇီယာဆန်အမျိုးအစားက အရည်အသွေးကောင်းပြီး လူတန်းစားမရွေး စားသုံးနိုင်တဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ ဇီယာဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် လတ်တလော အနေနဲ့ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဇီယာဆန် ၂၄ ပြည်ဝင်အိတ်များ အများအပြား တင်ပို့ရောင်းချနေရသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ခရမ်းချဉ်သီး၏ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်

**ခရမ်းချဉ်သီး (Tomato)**

Tomato ဟုခေါ်သော ခရမ်းချဉ်သီးသည် Solanaceae မျိုးရင်းတွင်ပါဝင်ပြီး ရုက္ခဗေဒအမည်အနေဖြင့် Solanum Lycopersicum / Lycopersicon lycopersicum (L.) H. Karst./ Lycopersicon Esculentum Mill. ဟုခေါ်သည်။ ခရမ်းချဉ်သီးသည် အာဟာရဓာတ်အစွမ်းထက်ပြီး အစားအစာအားလုံးနီးပါးတွင် အဓိကနေရာယူလျက်ရှိသည်။ ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးနီးပါးတွင် ခရမ်းချဉ်သီးသည် ဟင်းသီးဟင်းရွက်အဖြစ်စားသုံးခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်းနှင့်စီးပွားရေးအရ အခြားသီးနှံများထက် ဈေးကွက်ဝင်စိတ်ဝင်စားမှုရှိနေသော သီးနှံတစ်မျိုးလည်းဖြစ်သည်။

ခရမ်းချဉ်သီးကို အစိမ်းဖြစ်စေ၊ ချက်ပြုတ်၍ဖြစ်စေ သို့မဟုတ် အခြောက်အနေဖြင့်ဖြစ်စေ စားသုံးနိုင်သည်။ ခရမ်းချဉ်သီးကိုယိုပြုလုပ်ခြင်း၊ ဟင်းချက်ခြင်း၊ အသားများချက်ရာတွင် အနှစ်အဖြစ်သုံးခြင်း၊ လက်ဖက်သုပ်ရာတွင် ထည့်သုပ်ခြင်း၊ အခြားသီးနှံများနှင့်ရောနှော၍ ကြော်ခြင်း၊ ဟင်းခတ်အမွှေးအကြိုင်အဖြစ်အသုံးပြုခြင်း၊ ဆော့စ် (Sauce/Paste) နှင့် ချဉ်ရည်များထုတ်လုပ်ခြင်း (Puree/Ketchup) စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်စားသုံးကြသည်။

**ခရမ်းချဉ်သီးတွင်ပါဝင်သော အာဟာရဓာတ်ဖိုးများ**

ခရမ်းချဉ်သီးတွင် ဗီတာမင် A၊ ဗီတာမင် B၊ ဗီတာမင် C၊ ဗီတာမင် E နှင့် ဗီတာမင် K တို့ ကြွယ်ဝစွာပါဝင်ပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants)နှင့် သတ္တုဓာတ်များဖြစ်သည့် ပိုတက်စီယမ် (K)၊ ကယ်လ်စီယမ် (Ca)၊ မဂ္ဂနီစီယမ် ((Mg)၊ ဖော့စဖရတ်(P) နှင့် ဖောလိတ် (Folate) ဓာတ်ကဲ့သို့ အရင်းအမြစ်ကောင်းများလည်းပါဝင်သည်။ ခရမ်းချဉ်သီးတွင် ဆိုဒီယမ် (Na)၊ သံဓာတ် (Fe)၊ ဇင့် (Zn) အနည်းငယ်သာပါဝင်သည်။ ခရမ်းချဉ်သီးသည် အခြားဟင်းသီးဟင်းရွက်များကဲ့သို့ ကယ်လိုရီပါဝင်မှုနည်းပြီး ခရမ်းချဉ်သီး ၁၀၀ ဂရမ်လျှင် ၂၄ ကီလိုကယ်လိုရီပါဝင်ပြီး ၎င်းပမာဏသည် နေ့စဉ်တန်ဖိုး၏ ၁ ဒသမ ၅၇ ရာခိုင်နှုန်းဖြစ်သည်။ ပရိုတင်း ၁ ဒသမ ၂ ဂရမ်၊ အဆီ (Fats) သုည ဒသမ ၁ ဂရမ်နှင့် ကာဘိုဟိုက်ဒရိတ် ၄ ဒသမ ၅ ဂရမ်ပါဝင်ပြီး တစ်ချိန်တည်းမှာပင် အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိသည့် Anthocyanins ပါဝင်သည်။ Anthocyanins သည် အသီးအနှံများ၏အရောင်အားကို အနီရောင်၊ အပြာ သို့မဟုတ် ခရမ်းရောင်ကြွယ်ဝသော သဘာဝဆိုးဆေးများပေးသောကြောင့် ၎င်းတို့၏ ပါဝင်မှုကို ဟင်းသီးဟင်းရွက်များ၏ အရောင်ဖြင့် ဖော်ပြသည်။

**ခရမ်းချဉ်သီး၏ ကျန်းမာရေးကောင်းကျိုးများ**

ခရမ်းချဉ်သီး၏ အာဟာရဓာတ်များသည် ကိုယ်ခံအားကျန်းမာရေး၊ သွေးခဲစနစ်၊ ဆယ်လူလာအောက်ဆီဂျင်အသုံးချမှုနှင့် သွေးကြောကျဉ်းခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။ ခရမ်းချဉ်သီးသည် အစာအိမ်အားကောင်းစေသည်။ နာကျင်မှုကိုသက်သာစေပြီး Fetid ချွေးနံ့ဆိုးများကို ဖယ်ရှားပေးသည်ဟု ရှေးခေတ်သုတေသီများက ယုံကြည်ခဲ့ကြသည်။ ခေတ်သစ်သိပ္ပံပညာရှင်များက Anthocyanins အများအပြားကိုပေးဆောင်သော ခရမ်းချဉ်သီး၏ Antioxidant ဂုဏ်သတ္တိများသာမက ရောင်ရမ်းခြင်းကို ဆန့်ကျင်ခြင်းနှင့် Hepatoprotective ကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။ တစ်နည်းအားဖြင့် ခရမ်းချဉ်သီးကို သဘာဝပဋိဇီဝပိုးသတ်ဆေးနှင့် အသည်းကိုသန့်စင်ဆေးရည်ဟုပင် ခေါ်နိုင်ကြောင်း ဖော်ပြခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ဆေးဘက်ဆိုင်ရာ စင်တာ "ON CLINIC" ၏ အစာအိမ်အထူးကုဆရာဝန်၊ ဆေးသိပ္ပံဆရာဝန်၊ ပါမောက္ခ Vitaly Rumyantsev က ခရမ်းချဉ်သီးပျော့ဖတ်တွင် အမျှင်ကြမ်းပါဝင်သောကြောင့် ပုံမှန်အသုံးပြုခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိ ကိုလက်စထရောနှင့် အဆိပ်အတောက်များကို ဖယ်ရှားပေးသောကြောင့် အထူးအသုံးဝင်သည်ဟုဆိုသည်။ ခရမ်းချဉ်သီးတွင်ပါရှိသော Delphinidin Rutinoside (အရောင်ခြယ်ပစ္စည်းနှင့် Antioxidant အမျိုးအစား)သည် အရိုးပွရောဂါဖြစ်ပွားမှုကိုရပ်တန့်ရန် သိပ္ပံနည်းကျသက်သေပြခဲ့ပြီးဖြစ်သည်။



အသီးအနှံများသည် ဦးနှောက်သွေးကြောများအတွက်လည်း အသုံးဝင်ပြီး ခန္ဓာကိုယ်တွင်းရှိ ယူရစ်အက်စစ်ဆားများကိုဖယ်ရှားပေးပြီး နောက်ဆုံးဂုဏ်သတ္တိမှာ ဂေါက်ရောဂါကို ကုသရာတွင် အသုံးဝင်ခြင်းဖြစ်သည်။ ထို့ပြင် ခရမ်းချဉ်သီးစားသုံးခြင်းသည် ဆီးချိုရောဂါရှိသူများအတွက် ပိုကောင်းမွန်ကြောင်း ဆရာဝန်များက တွေ့ရှိခဲ့ကြပြီး တစ်ပတ်လျှင် နှစ်ကြိမ်ထက်မပိုဘဲ ချက်ပြုတ်စားသုံးနိုင်သည်ဟု ဖော်ပြထားသည်။ ခရမ်းချဉ်သီးသည် ၎င်းတွင်ပါဝင်သော ဗီတာမင်နှင့် သတ္တုဓာတ်တို့ထက်များပြားသော ကျန်းမာရေးအကျိုးကျေးဇူးများ ပေးစွမ်းနိုင်ပုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

**အမြင်အာရုံကို တိုးတက်ကောင်းမွန်စေခြင်း**

ခရမ်းချဉ်သီးတွင် မြင်လွှာပျက်စီးခြင်း၊ မျက်စိအတွင်းတိမ်ဖြစ်ခြင်းမှ ကာကွယ်ပေးသည့် ဗီတာမင် A နှင့် အမြင်အာရုံကို တိုးတက်ကောင်းမွန်စေနိုင်သည့်အပြင် ညဘက်တွင် အမြင်အာရုံ ဝေဝါးခြင်းကို တားဆီးပေးသော ဗီတာမင် C တို့ပါဝင်သောကြောင့် မျက်လုံးအတွက် အထူးကောင်းမွန်စေသောကြောင့် အမြင်အာရုံအားနည်းသူများ ခရမ်းချဉ်သီးကို ပိုမိုစားသုံးသင့်သည်။

**ကင်ဆာရောဂါကို ချေဖျက်ပေးနိုင်ခြင်း**

ခရမ်းချဉ်သီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Anti-oxidants) ဖြစ်သော လိုင်ကိုပင်းဓာတ် (Lycopene) မြင့်မားစွာပါဝင်သည့်အပြင် ဗီတာမင် C နှင့် ဗီတာမင် A တို့လည်းပါဝင်သဖြင့် အစာအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ အစရှိသည့် ကင်ဆာရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေနိုင်သည်။ ကင်ဆာရောဂါဖြစ်နှုန်းမှ ပိုမိုလျော့ချနိုင်ရန်အတွက် ခရမ်းချဉ်သီးနှင့်ချက်သော ဟင်းလျာများတွင် သံလွင်ဆီကိုသုံးပြီး ချက်စားသင့်သည်။

**အသားအရေကြည်လင်စေခြင်း**

ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Antioxidants) ကြွယ်ဝသည့်ခရမ်းချဉ်သီးသည် Oxidative Stress ကို လျော့ချပေးပြီး ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးသည်။ ခရမ်းချဉ်သီးတွင် အနီရောင်ကိုဖြစ်စေသော ရောင်ခြယ်ပစ္စည်းလိုင်ကိုပင်းဓာတ် (Lycopene) နှင့် ဘီတာကယ်ရိုတင်း (Beta-carotene) သည် UV နေလောင်ဒဏ်ကြောင့်ဖြစ်သော အသားအရေပျက်စီးမှုများ၊ အရေးအကြောင်းဖြစ်ပေါ်မှုများ၊ ဝက်ခြံနှင့် အမည်းစက်များကိုပါ သက်သာပျောက်ကင်းစေသည်။ ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်သော ခရမ်းချဉ်သီးအနှစ်ကို အရေပြားပေါ်လိမ်းကျံပေးပါက မွဲခြောက်နေသည့်အသားအရေကို ရေဓာတ်ဖြည့်တင်းပေးပြီး ပြန်လည်စိုပြည်လာစေမည်ဖြစ်သောကြောင့် ခရမ်းချဉ်သီးကို နေ့စဉ်ပုံမှန်စားသုံးပေးပါက အသားအရေကြည်လင်ဝင်းပလာစေပြီး နုပျိုသော အသွင်အပြင်ကို ရရှိစေမည်ဖြစ်သည်။

**သွေးတွင်းသကြားဓာတ်ကိုလျှော့ချပေးနိုင်ခြင်း**

ခရမ်းချဉ်သီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်သောကြောင့် သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်းမှလျှော့ချပေးနိုင်ပြီး ခရိုမီယမ်ဓာတ် (Chromium) သည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသည်။ ခရမ်းချဉ်သီးတွင် ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Anti-oxidants) သည် သွေးလည်ပတ်မှုကို ကောင်းမွန်စေသည်။

**သွေးဖိအားကို ထိန်းညှိပေးခြင်း**

ခရမ်းချဉ်သီးတွင် အနည်းငယ်သာ ပါဝင်သည့် ပိုတက်စီယမ် (K) နှင့် ဆိုဒီယမ် (Na) ပမာဏများသည် ကိုလက်စထရောကို လျှော့ကျစေပြီး သွေးဖိအားကို ထိန်းညှိပေးသည်။ Lycopene သည် LDL ကိုလက်စထရောဓာတ်တိုးခြင်းကို တားဆီးပေးသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။

**ဆီးကျောက်တည်ခြင်းကို ကာကွယ်ပေးခြင်း**

ခရမ်းချဉ်သီးတွင် ရေဓာတ်များစွာပါဝင်သည့်အတွက် အစိမ်းလိုက်စားသုံးပေးပါက ဆီးကျောက်ဖြစ်ခြင်းများကိုလည်း ကာကွယ်ပေးနိုင်သည်။

**နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်ခြင်း**

ခရမ်းချဉ်သီးတွင် ပါဝင်သောဗီတာမင် C သည် ကောင်းစွာအိပ်စက်စေနိုင်သောကြောင့် ညဘက်အိပ်မပျော်သူများသည် နေ့စဉ်အစားအသောက်များတွင် ခရမ်းချဉ်သီးပါဝင်အောင် စားသုံးပေးသင့်သည်။

**အဆုတ်ကိုကျန်းမာစေခြင်း**

ခရမ်းချဉ်သီးကို တစ်နေ့တစ်လုံး ပုံမှန်စားသုံးပေးပါက အဆုတ်ကိုလည်း ကျန်းမာစေသောကြောင့် ဆေးလိပ်သောက်သုံးသူများသည် ခရမ်းချဉ်သီးကို နေ့စဉ်ပုံမှန်စားသုံးသင့်သည်။

**အရိုးများကိုသန်မာစေနိုင်ခြင်း**

ခရမ်းချဉ်သီးတွင်ပါဝင်သည့် ဗီတာမင် K နှင့် ကယ်လ်စီယမ်ဓာတ် (Ca) သည် ခန္ဓာကိုယ်ရှိ အရိုးများနှင့် သွားများကိုလည်း ကျန်းမာကောင်းမွန်စေသည်။ အရိုးပွခြင်း၊ အရိုးကျိုးခြင်းနှင့် ခန္ဓာကိုယ်ရှိ အကြောအဆစ်များ နာကျင်ခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး အထူးသဖြင့် ကယ်လ်စီယမ်ပါဝင်မှုကြောင့် အကြောတက်ခြင်းမှ ကင်းဝေးစေသည်။

**နာတာရှည်ရောဂါများကိုသက်သာစေခြင်း**

ခရမ်းချဉ်သီးဖျော်ရည်ကို နေ့စဉ်သောက်ပေးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုကိုဖြစ်စေသော TNF – Alpha ဟုသည့်ဓာတ်တစ်မျိုးကို ၃၄ ရာခိုင်နှုန်းခန့်လျှော့ချပေးနိုင်သည့်အပြင် နှလုံးရောဂါ၊ အရိုးပွရောဂါ၊ ကင်ဆာနှင့် အယ်လ်ဇိုင်းမားရောဂါခံစားနေရသူများအနေဖြင့် ခရမ်းချဉ်သီးကို မဖြစ်မနေစားသုံးရန်လိုအပ်သည်။ ခရမ်းချဉ်သီးသည် နှလုံးကျန်းမာရေးကို နည်းလမ်းများစွာဖြင့် ထောက်ပံ့ပေးသကဲ့သို့ ပိုတက်စီယမ်ပါဝင်မှုမြင့်မားသောကြောင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများအတွက်အသုံးဝင်သည်။ ဂေါက်ရောဂါနှင့် အဆစ်အမျက်ရောင်ရောဂါများအတွက်လည်း ခရမ်းချဉ်သီးကို ပုံမှန်စားသုံးသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

**ဆံကေသာသန်စွမ်းစေနိုင်ခြင်း**

ခရမ်းချဉ်သီးတွင်ပါဝင်သည့် ဗီတာမင်နှင့် သံဓာတ်တို့သည် ဆံသားကို သန်စွမ်းစေနိုင်သည့်အပြင် ဆံကေသာမွဲခြောက်ခြင်းမှ ကင်းဝေးအောင် ကူညီပေးသည်။ ဦးရေပြားယားယံပြီး ဗောက်များဖြစ်ပေါ်နေပါက ခေါင်းလျှော်ရည်နှင့် လျှော်ပြီးသည့်အခါ ခရမ်းချဉ်သီးအရည်ကို ဦးခေါင်းအနှံ့စိုစွတ်အောင် ပြုလုပ်ပြီး ငါးမိနစ်ခန့်အကြာတွင် ရေအေး သို့မဟုတ် ရေနွေးနွေးလေးနှင့် လျှော်ပေးရသည်။ သို့ရာတွင် ခရမ်းချဉ်သီးတွင် အက်စစ်ဓာတ်များသောကြောင့် မကြာခဏအသုံးပြုခြင်းမလုပ်သင့်ဘဲ အမြဲတစေအသုံးပြုမည်ဆိုပါက ဆံသားခြောက်သွေ့မှုကို ဖြစ်စေနိုင်သည်။

**ကိုယ်အလေးချိန်လျှော့ကျစေနိုင်ခြင်း**

ခရမ်းချဉ်သီးတွင်အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ပြီး ရေဓာတ်ပါဝင်မှုမြင့်မားသောကြောင့် မလိုအပ်သည့် ကယ်လိုရီများမပါဘဲနှင့် ဗိုက်ကိုပြည့်တင်းစေနိုင်သောကြောင့် ကိုယ်အလေးချိန်လျှော့ချနေသူများအနေဖြင့် ခရမ်းချဉ်သီးကို အစိမ်းဖြစ်စေ သို့မဟုတ် အသုပ်ထဲတွင် ထည့်သွင်းစားသုံးခြင်းဖြင့်ဖြစ်စေ နေ့စဉ်စားသုံးပေးသင့်သည်။

**ခရမ်းချဉ်သီး၏ ကောင်းကျိုးများ**

ခရမ်းချဉ်သီးသည် အမျိုးသားများအတွက် အာရုံကြောစနစ်ကို အားကောင်းစေသည်။ သွေးကြောများကိုအားကောင်းစေသည့် **စာမျက်နှာ ၅ သို့ ä**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမိုအဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ပဲကြီးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကလေး ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၇၀၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲကြီးစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၃၅၁ ဧက၊ ကလေးဝမြို့နယ်တွင် ၅၄၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၆၁၆၇ ဧက စုစုပေါင်း ၇၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲကြီး ၇၀၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပဲကြီးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ပဲကြီးစိုက်တောင်သူများကို ပဲကြီးစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ဂုဏ်သတ္တိများကြောင့် ခရမ်းချဉ်သီးသည် ဗီတာမင်မြင့်မားစွာပါဝင်မှုကြောင့် နီကိုတင်းဓာတ်ဆာလောင်မှုကို ပိုမိုလွယ်ကူစွာခံနိုင်ရည်ရှိစေပြီး ဆေးလိပ်သောက်ခြင်းကို တိုက်ဖျက်ရာတွင် အထောက်အကူတစ်မျိုးဖြစ်လာနိုင်သည်။ ခရမ်းချဉ်သီးကို နို့တိုက်မိခင်များ စားသုံးရန်ခွင့်ပြုထားသော်လည်း သတိပြုစရာတစ်ခုအနေဖြင့် ကလေးမွေးဖွားပြီးနောက် လေးလထက်မစောဘဲ ဆရာဝန်များက အသီးအနှံများကို အစားအသောက်ထဲသို့ ဖြည်းဖြည်းချင်းထည့်စားရန် အကြံပြုထားပါသည်။ ခရမ်းချဉ်သီးကို ရှစ်လမှ ၁၀ လ ကလေးများ၏ အစားအစာမီနူးတွင် ထည့်သွင်းကျွေးမွေးနိုင်သည်။ ဟင်းသီးဟင်းရွက်များ၏ တောက်ပသောအရောင်ရှိသည့် အခွံအောက်တွင်ရှိသော ဗီတာမင်နှင့် သတ္တုဓာတ်များကြောင့် ဟင်းသီးဟင်းရွက်များသည် ကလေးဘဝ သွေးအားနည်းရောဂါမဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်ပြီး အရိုးများကိုသန်မာစေကာ အဝလွန်သောကလေးငယ်များနှင့် ဟေမိုဂလိုဘင်နည်းသောသူများ၏ အစားအသောက်များတွင်လည်း အသုံးဝင်သည်။ သက်ကြီးရွယ်အိုများအတွက် ခရမ်းချဉ်သီးဟင်းလျာများသည် အထူးအသုံးဝင်ပြီး ၎င်းတွင်ပါရှိသော ဓာတ်များသည် သွေးကြောများတွင် အဆီလွှာများဖြစ်ပေါ်ခြင်းကို တားဆီးပေးသည်။ ရိုးရာဆေးပညာတွင် ခရမ်းချဉ်သီးဖျော်ရည်သည် အနာများကို သက်သာပျောက်ကင်းစေသည်ဟုဆိုကြသည်။ ရှေးခေတ်က ခရမ်းချဉ်သီးကို အပျော့စားဆေးဝါးအဖြစ် သတ်မှတ်ခဲ့ကြသည်။

**သတိထားရမည့်အချက်များ**

အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ရောဂါများတွင်လည်း ခရမ်းချဉ်သီးကို သတိထားအသုံးပြုသင့်သည်။ ခရမ်းချဉ်သီးတွင် ပါဝင်သော အမျှင်ဓာတ်ကြမ်းသည် အစာအိမ်ရောင်ခြင်းနှင့် အနာများကို ပိုမိုဆိုးရွားစေနိုင်သည်။ အူသိမ်ထဲတွင် ဖြစ်သောအနာ (Duodenal Ulcer) နှင့် ဓာတ်မတည့်မှုများကြောင့် ၎င်းဝေဒနာခံစားရသူများအနေဖြင့် ခရမ်းချဉ်သီးကို လုံးဝမစားသုံးသင့်ပေ။ ထို့ပြင် ခုခံအားကျနေသောကလေးများနှင့် လူကြီးများတွင် ခရမ်းချဉ်သီးနှင့် ဓာတ်မတည့်မှု ကြုံတွေ့ရနိုင်သည်။

**အနှစ်ချုပ်**

Super Food ဟုတင်စားခေါ်ဝေါ်ကြသည့် ခရမ်းချဉ်သီးနီနီကလေးများသည် ကျန်းမာရေးအနေဖြင့် ဗီတာမင်-A၊ ဗီတာမင်- C၊ လိုင်ကိုပင်း (Lycopene)၊ ပိုတက်စီယမ် (K) နှင့် အမျှင်ဓာတ် (Fiber) များ ကြွယ်ဝသောကြောင့် နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အသားအရေခြောက်သွေ့ခြင်း၊ မျက်လုံး အားနည်းခြင်း၊ အရိုးပါးခြင်း၊ ဆီးချို၊ သွေးချိုရောဂါနှင့် ကင်ဆာရောဂါတို့ကို ကာကွယ်ချေဖျက်ပေးနိုင်သည့်အပြင် ကိုယ်အလေးချိန်ကိုပါ လျော့ကျစေနိုင်စွမ်းရှိခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများစွာပါရှိသော ခရမ်းချဉ်သီးကို အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ သင့်တင့်မျှတစွာ စားသုံးနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

# အိမ်ပြန်ခရီးဂုဏ်ရှိန်မြှင့်မည့် ပြည်သူ့စစ်သည်

- နိုင်ငံ့တာဝန်၊ ကျေပွန်ထမ်းရွက်
ခေါ်သံထွက်ပြီ၊ လိုလားချီလျက်
တိုင်းပြည်တွက် ဖွဲ၊ လုံ့လတွဲလျက်
စဉ်မြဲဆန္ဒပြု
စစ်မှုထမ်းရန် တက်လှမ်းခဲ့ကြသည်။
- နှစ်နှစ်တာမျှ၊ ထိုကာလဝယ်
မြန်မာ့ရှေ့ရေး၊ ရည်မျှော်တွေး၍
စစ်ရေးလေ့ကျင့်၊ ပညာတင့်ဆန်း
စည်းကမ်းသေဝပ်၊ စိတ်ဓာတ်ခိုင်မာ
ကိုယ်ခန္ဓာလည်း ကြံ့ခိုင်လာခဲ့သည်။
- တာဝန်ပြီးမြောက်၊ ဂုဏ်ယူလောက်သည်
ဝမ်းမြောက်ပေ့ါပါး၊ နိုင်ငံသားတိုင်း
သမိုင်းသစ်ဖွင့်ပြီ၊ လမ်းပြတည်ထောင်
ပြည်သူ့စစ်သည် အောင်ပွဲဆင်ခဲ့သည်။
- အနာဂတ်လမ်း၊ လျှောက်လှမ်းဖို့ရန်
လမ်းမှန်လေးသွယ်၊ စီမံဖွယ်တွင်
စိတ်ဝယ်ရွှင်ပျော်၊ တပ်မတော်မှာ
ဆက်ကာဝန်တာ၊ ထမ်းရွက်ပါမူ
စဉ်လာဂုဏ်နှင့် အဆင့်တိုးမြှင့်မည်။
- အိမ်ပြန်ခရီး၊ တွေးဆပြီးက
ပုဂ္ဂလိက၊ ဝန်တာမျှနှင့်
ဝန်ထမ်းဘဝ၊ ရွေးချယ်ရ၏
ထိုမှဆက်တွေး၊ သက်မွေးတတ်မြောက်
ထွန်းတောက်လေက၊ ပြည်ပစေလွှတ်
ဘဝတိုးတက် ဆက်လက်အောင်မြင်မည်။
- ဇာတိရပ်မြေ၊ ပြန်လည်ခြေချ
စိုက်ကြမွေးမြူ၊ ကိုယ်ပိုင်ထူရေး
ချေးငွေအရင်း၊ ပံ့ပိုးခြင်းဖြင့်
ပြည်တွင်းစွမ်းအား မြင့်မားလာစေမည်။
- နေထိုင်စားသောက်၊ စရိတ်ငြိမ်းဖြင့်
နိုင်ငံတော်က၊ သင်တန်းများဖွင့်
ရိုးရိုးလုပ်သား၊ ဘဝမှသည်
ကျွမ်းကျင်သူများ၊ ဖြစ်ပေါ်လာစေမည်။
- သတင်းမှားများ၊ တိုက်ဖျက်လွှားကျော်
စွမ်းအားမြှင့်တင်၊ ပြည့်ဂုဏ်အင်မို့
ဖြစ်စဉ်အမှန်၊ အိမ်အပြန်ခရီး
ဂုဏ်ရှိန်ကြီး၍၊ လွန်ပျော်မွေ့ပြီ
ချမ်းမြေ့စေမူ၊ ကောင်းအောင်ပြုသည့်
ပြည်သူ့စစ်သည်များပါတကား။ ။

အောင်မြေ

# နိုင်ငံတကာ သတင်းများ

## ၂၀၂၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ကာမာလာဟားရစ် ပါဝင်ယှဉ်ပြိုင်ဖွယ်ရှိ

**နယူးယောက် ဧပြီ ၁၁**

၂၀၂၈ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ သမ္မတလောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ရန် စဉ်းစား နေကြောင်း အမေရိကန် ဒီမိုကရက် တစ်ဒုတိယသမ္မတဟောင်း ကာမာ လာဟားရစ်က ဧပြီ ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒုတိယသမ္မတဟောင်း ကာမာ လာဟားရစ်သည် ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ ၌ ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် ပါဝင် ယှဉ်ပြိုင်ခဲ့ပြီး လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်ကို အရေးနိမ့်ခဲ့သူ ဖြစ်သည်။

သို့ရာတွင် မိမိအနေဖြင့် ၂၀၂၈ အမေရိကန်သမ္မတရွေးကောက်ပွဲ ၌ သမ္မတလောင်းအဖြစ် ထပ်မံ ယှဉ်ပြိုင်ရေးအတွက် မိမိစဉ်းစား နေကြောင်း ကာမာလာဟားရစ် က နယူးယောက်မြို့၌ ထောက်ခံ သူများနှင့်တွေ့ဆုံစဉ် ထုတ်ဖော် ပြောကြားခဲ့သည်။

ကာမာလာဟားရစ်သည် သမ္မတ ဟောင်း ဂျိုးဘိုင်ဒင် လက်ထက် တွင် ဒုတိယသမ္မတရာထူးရယူခဲ့သူ ဖြစ်သည်။

ကာမာလာဟားရစ်သည် ဒုတိယ သမ္မတရာထူးမရယူမီ အထက် လွှတ်တော် အမတ်ရာထူးနှင့် ကယ်လီဖိုးနီးယားပြည်နယ်ရှေ့နေ ချုပ်အဖြစ်လည်း တာဝန်ယူခဲ့ဖူးသူ ဖြစ်သည်။

၂၀၂၈ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက် တစ်ပါတီ သမ္မတလောင်းဖြစ်လာ နိုင်သူများထဲတွင် ပင်ဆယ်ဗေးနီး ယားပြည်နယ်အုပ်ချုပ်ရေးမှူး ဂျို့ရှ် ရှာပီရို၊ သယ်ယူပို့ဆောင်ရေး ဝန်ကြီးဟောင်း ပီတီဘတ်တီဂျစ်၊ အီလီနွိုက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျေဆီပရစ်ဇ်ကာတို့လည်း ပါဝင် ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## စပိန်ဘတ်စကားတစ်စီး လှိုဏ်ထဲထိုးကျ လူတစ်ဦး သေဆုံး၍ ၂၇ ဦး ဒဏ်ရာရ

**မက်ဒရစ် ဧပြီ ၁၁**

စပိန်နိုင်ငံ လာဂိုမာရာကျွန်း၌ ဗြိတိန်ခရီးသည်များ လိုက်ပါလာ သည့် ဘတ်စကားတစ်စီး လမ်းဘေးလှိုဏ်အတွင်းသို့ ထိုးကျခဲ့ ရာ လူတစ်ဦးသေဆုံး၍ ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စပိန်တာဝန် ရှိသူများက ဧပြီ ၁၀ ရက်တွင် ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ပြောကြားထားသည်။

ယာဉ်မတော်တဆမှုအတွင်း ဒဏ်ရာရရှိခဲ့သူများအနက် သုံးဦး မှာ ဒဏ်ရာပြင်းထန်သည်ဖြစ်ရာ အနီးစပ်ဆုံးဆေးရုံသို့ လေကြောင်း ခရီးဖြင့် ပို့ဆောင်ပေးထားကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင် ဘတ် စကားသည် ဂျီအမ်-၂ အဝေးပြေး လမ်းပေါ်၌ ဧပြီ ၁၀ ရက်ကမောင်းနှင် နေစဉ် လမ်းဘေးလှိုဏ်ထဲသို့ ထိုးကျ ခဲ့သည်။

ဗြိတိန်သို့ပြန်မည့် ခရီးသည် များကို လေဆိပ်သို့ ပို့ဆောင်နေစဉ် ဘတ်စကားမတော်တဆမှုဖြစ်ပွား ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ခရီးသည်တင် ဘတ်စကား လှိုဏ်ထဲထိုးကျခဲ့မှု အကြောင်းရင်းကို စပိန်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

လာဂိုမာရာ ကျွန်းသည် ကနေရီကျွန်းစုဒေသရှိ ကျွန်းတစ် ကျွန်းဖြစ်ပြီး ကမ္ဘာလှည့်ခရီး သည်များ လာရောက်လည်ပတ် မှုများသော ကျွန်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီတို့ ပြုံယမ်းမြို့၌ တွေ့ဆုံဆွေးနွေး



**ပြုံယမ်း ဧပြီ ၁၁**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြုံယမ်းမြို့သို့ ရောက်ရှိနေသည့် တရုတ်နိုင်ငံခြား ရေးဝန်ကြီး ဝမ်ယီကို တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း မြောက်ကိုရီး ယားမီဒီယာများက သတင်း ထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြ ထားသည်။

ကေစီအင်န်အေ သတင်းဌာန ၏အဆိုအရ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီ တို့သည် ဧပြီ ၁၀ ရက်တွင် တွေ့ဆုံ ခဲ့ကြခြင်းဖြစ်သည်။

တရုတ်နှင့် မြောက်ကိုရီးယား ဘုံအကျိုးစီးပွားကို ကာကွယ်ရေး အတွက် နှစ်နိုင်ငံဆက်ဆံရေးပိုမို ခိုင်မာလာစေရန် အရေးကြီး ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးနှင့်တွေ့ဆုံစဉ် မြောက်ကို ရီးယားခေါင်းဆောင် ကင်ဂျုံအန် က ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်တစ်ပြည် ထောင်မူဝါဒကို အခြေခံသည့် တရုတ်အစိုးရ၏ အချုပ်အခြာပိုင် နယ်မြေများ ပေါင်းစည်းရေး ကြိုးပမ်းမှုများကိုလည်း မြောက် ကိုရီးယားက ထောက်ခံကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် ခုနစ်နှစ်တာကာလ အတွင်း ပထမဆုံးမြောက်ကိုရီး ယားခရီးစဉ်အဖြစ် ဧပြီ ၉ ရက်တွင် ပြုံယမ်းမြို့သို့ရောက်ရှိခဲ့သည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် ၂၀၁၉ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံသို့ နောက် ဆုံးတစ်ကြိမ်ရောက်ရှိခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အစ္စရေးနှင့် လက်ဘနွန် ဆွေးနွေးပွဲများ ဝါရှင်တန်မြို့၌ လာမည့် ရက်သတ္တပတ်အတွင်း ကျင်းပမည်

**ဘေရွတ် ဧပြီ ၁၁**



အစ္စရေးနှင့်လက်ဘနွန်တို့ကြား တိုက်ရိုက် ဆွေးနွေးပွဲများကို လာမည့် ရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း လက်ဘ နွန်သမ္မတရုံးက ဧပြီ ၁၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြ ထားသည်။

အဆိုပါ ဆွေးနွေးပွဲများတွင် အစ္စရေးနှင့် လက်ဘနွန် တာဝန်ရှိ သူများအနေဖြင့် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား အပစ် အခတ်ရပ်စဲရေးကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း လက် ဘနွန်သမ္မတရုံး သတင်းထုတ်ပြန် ချက်၌ ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင် ခဲ့သည့် အရှေ့အလယ်ပိုင်း စစ်ရေး ပဋိပက္ခကို တုံ့ပြန်သည့်အနေဖြင့် ဟစ်ဇ်ဘိုလာအုပ်စုက မတ် ၂ ရက် တွင် အစ္စရေးနိုင်ငံကို ဒုံးကျည် များဖြင့် တိုက်ခိုက်ခဲ့သည်။

ဟစ်ဇ်ဘိုလာအုပ်စု၏ တိုက်ခိုက် မှုကို အစ္စရေးနိုင်ငံကလည်း လေ ကြောင်းတိုက်ခိုက်မှုများ၊ မြေပြင် စစ်ဆင်ရေးများဖြင့် တုံ့ပြန်ခဲ့သည်။

လက်ရှိ စစ်ရေးပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် အစ္စရေး နှင့် တိုက်ရိုက်ဆွေးနွေးရန် ဆန္ဒရှိ ကြောင်း လက်ဘနွန်သမ္မတ ဂျိုး ဆက်အောင်းက ပြောကြားခဲ့သည်။

အလားတူ လက်ဘနွန်နှင့်တိုက် ရိုက်ဆွေးနွေးပွဲများ ကျင်းပရန် မိမိကြိုးပမ်းနေသည်ဟု အစ္စရေး ဝန်ကြီးချုပ်က ပြောကြားထား ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အိန္ဒိယ၌ ရေယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွား၊ ခရီးသည် ၁၀ ဦး သေဆုံး

**ဒေလီ ဧပြီ ၁၁**

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ခရီး သည်အများအပြား လိုက်ပါလာ သော ရေယာဉ်တစ်စီး ဧပြီ ၁၀ ရက်တွင် ရေပေါ်တံတားတစ်စင်း ကို ဝင်တိုက်ခဲ့ရာ အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြ ထားသည်။

အဆိုပါဖြစ်စဉ်သည် ဥတ္တရ ပရာဒေ့ရှ်ပြည်နယ် မထုရာမြို့ ယမုံနာမြစ်အတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဖြစ်စဉ်အတွင်း ခရီး သည် ၂၇ ဦး လိုက်ပါလာသည့် ရေယာဉ်သည် ရေပေါ်တံတားကို ဝင်တိုက်ခဲ့ပြီးနောက် တိမ်းမှောက် ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

ရေယာဉ်တိမ်းမှောက်ပြီးနောက် ခရီးသည် ၁၀ ဦး၏ ရုပ်အလောင်း များကို ရှာဖွေတွေ့ရှိထားပြီး ကျန်ခရီးသည်များမှာ ပျောက်ဆုံး နေဆဲဖြစ်သည်။

လက်ရှိတွင် မီးသတ်တပ်ဖွဲ့ မှ ရှာဖွေကယ်ဆယ်ရေးသမား များနှင့် ရေငုပ်သမားများ က ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

ခရီးသည် အရေအတွက်ကို သတ်မှတ်ချက်ထက် ပိုတင် ဆောင်မှု၊ ဘေးအန္တရာယ်လုံခြုံရေး စည်းမျဉ်းများ မလိုက်နာမှုတို့ ကြောင့် အိန္ဒိယနိုင်ငံ၌ ရေယာဉ် မတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျာမနီနိုင်ငံအခြေစိုက် အိုင်ဆာအေရိုစပေ့စ်ကုမ္ပဏီက စပက်ထရမ်ဒုံးပျံ လွှတ်တင်ရေးအစီအစဉ်ကို ဒုံးပျံယာဉ်ပြဿနာတစ်ရပ်ကြောင့် ဖျက်သိမ်းခဲ့



**ဘာလင် ဧပြီ ၁၁**

ဂျာမနီနိုင်ငံအခြေစိုက် အိုင်ဆာအေရိုစပေ့စ် ကုမ္ပဏီသည် စပက်ထရမ်အမည်ရှိ ဒုံးပျံလွှတ်တင်ရေးအစီအစဉ်ကို ဒုံးပျံယာဉ်ပြဿနာတစ်ရပ်ကြောင့် ဖျက်သိမ်းခဲ့ရသည်ဟု ဧပြီ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အိုင်ဆာအေရိုစပေ့စ်ကုမ္ပဏီသည် မူလက စပက်ထရမ်ဒုံးပျံကို ဧပြီ ၉ ရက်တွင် နော်ဝေနိုင်ငံ မြောက်ပိုင်း အင်ဒိုယာအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

လွှတ်တင်မှုအောင်မြင်ခဲ့ပါက စပက်ထရမ်ဒုံးပျံသည် ဥရောပမြေပေါ်မှတစ်ဆင့် လွှတ်တင်နိုင်ခဲ့သည့် ဒုံးပျံအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် စပက်ထရမ်ဒုံးပျံ ဓာတ်ငွေ့ ယိုစိမ့်မှုပြဿနာတစ်ရပ်ကြောင့် လွှတ်တင်မည့်အစီအစဉ် ဖျက်သိမ်းထားရသည်ဟု အိုင်ဆာအေရိုစပေ့စ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

စပက်ထရမ်ဒုံးပျံကို လွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည့်အချိန်ကို နောက်ပိုင်းတွင်ကြေညာမည်ဖြစ်ကြောင်း အိုင်ဆာအေရိုစပေ့စ်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

အိုင်ဆာအေရိုစပေ့စ်ကုမ္ပဏီသည် ပြီးခဲ့သည့်နှစ် မတ် ၃၀ ရက်တွင် စပက်ထရမ်ဒုံးပျံလွှတ်တင်ရန် ပထမဆုံးအကြိမ် ကြိုးပမ်းခဲ့စဉ်ကလည်း ဒုံးပျံယာဉ်ပြဿနာတစ်ရပ်ကြောင့် မလွှတ်တင်မီ တစ်မိနစ်အလိုတွင် အစီအစဉ် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အာကာသယာဉ်မှူးလေးဦးလိုက်ပါလာသည့် အိုရီယွန်အာကာသယာဉ် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ရေးအတွက် ပြင်ဆင်နေ

**ဝါရှင်တန် ဧပြီ ၁၁**

အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူးလေးဦး လိုက်ပါလာသည့် အိုရီယွန်အာကာသယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ဧပြီ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အိုရီယွန်အာကာသယာဉ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတောင်ပိုင်းတွင် လေထုလွှာထဲပြန်လည်ဝင်ရောက်၍ကမ်းလွန်ရေပြင်အတွင်း ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ချိန်တွင် အိုရီယွန်အာကာသယာဉ် အမြန်နှုန်းမှာ တစ်နာရီလျှင် ၂၃၈၃၉ မိုင်ထိ ရှိလိမ့်မည်ဖြစ်ရာ ၎င်းအခြေအနေတွင် အိုရီယွန်အာကာသယာဉ် အနေဖြင့် ပြင်းထန်သည့်လေထုပွတ်အားနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း သိရသည်။



အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် အားတီးမစ်-၂ မစ်ရှင်အရ နာဆာ အာကာသယာဉ်မှူး သုံးဦးနှင့် ကနေဒါအာကာသယာဉ်မှူး တစ်ဦးတို့ လိုက်ပါလာသော အိုရီယွန်အာကာသယာဉ်ကို ဧပြီ ၁ ရက်တွင် SLS ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အိုရီယွန်အာကာသယာဉ်သည် ဧပြီ ၆ ရက်တွင် လကမ္ဘာကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ပြီး အားတီးမစ်-၂ အာကာသယာဉ်မှူးများကို ကမ္ဘာမြေနှင့် မိုင်ပေါင်း ၂၅၂၀၀၀ အကွာထိ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၄ မစ်ရှင်ဖြင့် ၂၀၂၈ ခုနှစ်တွင် လကမ္ဘာပေါ်သို့ လူသားများကို စေလွှတ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ဦးခေါင်းခွံနှင့် ကျန်ကိုယ်ခန္ဓာအစိတ်အပိုင်း ကျောက်ဖြစ်ရုပ်ကြွင်းတို့ကို တူးဖော်တွေ့ရှိ

**ပေကျင်း ဧပြီ ၁၁**

ဒိုင်နိုဆောမျိုးစိတ်သစ် တစ်မျိုး၏ ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းနှင့် ကျန်ကိုယ်ခန္ဓာအစိတ်အပိုင်း ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ ဧပြီ ၉ ရက်တွင် တူးဖော်တွေ့ရှိခဲ့ကြောင်း ဧပြီ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းမှာ ၁၆၅ သန်းနှင့် ၁၆၈ သန်းကြားတွင် ရှိသည်ဟု တရုတ်သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အဆိုပါဒိုင်နိုဆောမှာ Eusau-ropods အုပ်စုဝင် မျိုးစိတ်သစ် တစ်မျိုးဖြစ်ပြီး ကိုယ်ခန္ဓာအလျား ၁၀ မီတာထိ ရှိနိုင်သည်ဟု တရုတ် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများကို ကန်းဆူပြည်နယ် ရှင်းဟိကျောက်လွှာဒေသ၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Eusauropods အုပ်စုဝင် ဒိုင်နိုဆောများသည် ဂျူရက်ဆစ်ဘူမိခေတ်ဦးကာလအတွင်း ရှင်သန်ခဲ့ကြသော ဒိုင်နိုဆောများဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ရှင်းဟိ ကျောက်လွှာဒေသ၌ တူးဖော်တွေ့ရှိခဲ့သော ဒိုင်နိုဆောမျိုးစိတ်သစ်ကို Jinchuanloong-niedu ဟူ၍ တရုတ် သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အရက်ကို ရံဖန်ရံခါမျှအလွန်အကျွံသောက်သုံးပါက အသည်းခြောက်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဧပြီ ၁၁**

အရက်ကို ရံဖန်ရံခါမျှ အလွန်အကျွံသောက်သုံးခဲ့ပါက အသည်းခြောက်ရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဧပြီ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အရက်သေစာကို တစ်လလျှင် တစ်ကြိမ်မျှ အလွန်အကျွံသောက်သုံးမိလျှင် အသည်းရောဂါအခံရှိသူများ၌ အသည်းခြောက်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်သုံးဆမြင့်တက်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတောင်ပိုင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အသည်းခြောက်ရောဂါသည် နာတာရှည် ရောင်ရမ်းမှုပြဿနာကြောင့် ပေါ်ထွက်လာတတ်သော အသည်းကျန်းမာရေး ပြဿနာတစ်မျိုးဖြစ်သည်။

အရက်ကို အချိန်တိုအတွင်း ပမာဏ အများအပြားသောက်သုံးပါက အသည်းထိခိုက်ပျက်စီးမှုနှင့် ရောင်ရမ်းမှုများ ပေါ်လာတတ်ကြောင်း သိရသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ရံဖန်ရံခါ သောက်သုံးသည့်တိုင် သောက်သုံးသည့်ပမာဏ ပို၍များပြားလေလေ အသည်းရောဂါဖြစ်နိုင်ခြေ ပိုမိုမြင့်မားလာလေလေဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၈၀၀၀ ကျော်ပါဝင်သော လေ့လာမှုမှ ပေါ်ထွက်လာသည့်အချက်အလက်များကို စိစစ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို ဖော်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## လေ့ကျင့်ခန်းပြုလုပ်မှု၏ အကျိုးကျေးဇူးများကို မက်ဖော်မင်ဆီးချိုဆေးက တုပဖန်တီးနိုင်

**နယူးယောက် ဧပြီ ၁၁**

ဆီးချိုရောဂါလူနာသန်းပေါင်းများစွာတို့ သုံးစွဲနေကြသည့် မက်ဖော်မင်(Metformin)သည် လေ့ကျင့်ခန်းပြုလုပ်မှု၏ အကျိုးကျေးဇူးများကို တုပဖန်တီးပေးနိုင်ကြောင်းသုတေသနပညာရှင်များက ဧပြီ ၁၀ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မက်ဖော်မင်ဆေးသည် ကိုယ်လက်လှုပ်ရှားမှု မရှိသူများအတွက် ပင်ကိုယ်အလေးချိန်ကို လျှော့ချရာတွင် အထောက်အကူပြုပြီး နှလုံးကျန်းမာရေးကိုအကာအကွယ်ပေးနိုင်ကြောင်း သိရသည်။

မက်ဖော်မင်ဆေးသည် လေ့ကျင့်ခန်းပြုလုပ်ချိန်တွင် ပေါ်ထွက်လာတတ်သည့် Lac-Phe အမည်ရှိ မော်လီကျူးတစ်မျိုး လူ့ကိုယ်ခန္ဓာက ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

လေ့ကျင့်ခန်း ပြင်းပြင်းထန်ထန်ပြုလုပ်ပြီးနောက် ပေါ်ထွက်လာတတ်သော Lac-Phe မော်လီကျူးသည် အစာစားလိုစိတ်ကို ဖိနှိပ်ပေးတတ်ပြီး ကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်သည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆီးကျိတ်ကင်ဆာလူနာ ၂၉ ဦးတို့ဖြင့် မက်ဖော်မင်ဆေး၏ အာနိသင်ကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ မက်ဖော်မင်ဆေးသည် ဆီးကျိတ်ကင်ဆာလူနာများကို Lac-Phe မော်လီကျူးအဆင့်ကို လေ့ကျင့်ခန်းပြုလုပ်ရန်မလိုဘဲ မြှင့်တင်ပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



# အနာဂတ်ကို ကောင်းမွန်စွာဖန်တီးတည်ဆောက်မည့် ပြည်သူ့စစ်မှုထမ်းများ

လူငယ်များအနေဖြင့် မိမိတို့အသက်အရွယ်နှင့်ကျန်းမာရေးကောင်းမွန်မှုများအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခွင့်ရရှိခြင်းမှာ အလွန်ပင်ဂုဏ်သိက္ခာရှိသည့်တာဝန်ထမ်းဆောင်မှုဖြစ်သည်၊ နိုင်ငံသားတိုင်းသည်မိမိနိုင်ငံကိုကာကွယ်စောင့်ရှောက်ရေးမှာ မွေးရာပါတာဝန်အဖြစ်သိရှိကြပြီးဖြစ်သည်။ မိမိနိုင်ငံကိုမိမိတို့လူငယ်များကမှ မကာကွယ်ပါလျှင် မည်သူကလာရောက်ကာကွယ်မည်နည်း။ မိမိနိုင်ငံကို မိမိတို့လူငယ်တွေ ကာကွယ်လိုစိတ်နည်းပါးနေမည်ဆိုလျှင် အဆိုပါနိုင်ငံသည် သူတစ်ပါး၏ကျူးကျော်မှု၊ ဗိုလ်ကျစိုးမိုးမှုများကို မလွဲမသွေကြုံတွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်ကျင့်သုံးခဲ့သည်မှာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်ကဖြစ်သည်၊ အဆိုပါဥပဒေသည်နိုင်ငံတော်နှင့်နိုင်ငံသားများ၏အနာဂတ်လူမှုစီးပွားဘဝအတွက် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်ရောက်မှစတင်ကျင့်သုံးခြင်းဖြစ်သည်။ အခြားသောကမ္ဘာ့နိုင်ငံများတွင်လည်း မိမိနိုင်ငံကိုမိမိတို့ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေများကို ထုတ်ပြန်ကာ ပြည်သူ့စစ်မှုထမ်းအဖြစ် နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည်အမှုထမ်းဆောင်ကြရသည်၊ ဤသို့ဆောင်ရွက်ခြင်းမှာ အရေးပေါ်အခြေအနေနှင့်ကြုံလာပါက နိုင်ငံအတွင်းရှိလူငယ်လူရွယ်များအနေဖြင့် စစ်ပညာတတ်မြောက်ထားပြီး စစ်မှုထမ်းအတွေ့အကြုံရှိနေသည့်အတွက်မည်သည့်ရန်မျိုးကိုမဆိုလွယ်ကူစွာအနိုင်ယူနိုင်ကြမည်ဖြစ်သည်။ ဂုဏ်ယူဖွယ်ကောင်းသည့်အမျိုးသားရေးတာဝန်ကို အသက်အရွယ်အရ အကျုံးဝင်သူများ တာဝန်သိစိတ်နှင့် ထမ်းဆောင်ခွင့်ရရှိစေရန် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အသက်သွင်းခဲ့သည့်အတွက် ယခုအခါ ပြည်သူ့စစ်မှုထမ်းတာဝန်ကိုကျေပွန်စွာထမ်းဆောင်ပြီးမြောက်သူများပင်ရှိလာပြီဖြစ်သည်။ မကြာမီအချိန်အတွင်းမှာ ဂုဏ်ယူဝမ်းသာဖွယ်ရာ အိမ်အပြန်ခရီးကို စတင်မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ရသော နှစ်နှစ်တာကာလတွင် ပြည်သူ့စစ်မှုထမ်းလူငယ်များသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်။ တာဝန်ကိုကျေပွန်သည့်အပြင် စေတနာပါပါ ထမ်းဆောင်ခဲ့ကြသည့်အတွက် ပြည်သူ့စစ်မှုထမ်းလူငယ်အချို့မှာ ဂုဏ်ယူဖွယ်ကောင်းလှသည့် ဂုဏ်ပြုချီးကျူးခံရခြင်းများရှိခဲ့သည်။ သူတို့သည် သာမန်အရပ်သားဘဝမှ ပြည်သူ့စစ်မှုထမ်းများအဖြစ်သို့ ကူးပြောင်းရောက်ရှိလာသည့်အခါ ပထမဆုံးသူတို့အတွက်ရရှိသော ကောင်းကျိုးမှာ တန်ဖိုးရှိသောလူငယ်များဖြစ်လာကြခြင်းပင်ဖြစ်သည်။ အချိန်ကိုတန်ဖိုးရှိစွာအသုံးပြုလာတတ်သည်။ အချိန်နှင့်စား၊ အချိန်နှင့်သွားလုပ်ရှားရသည့်အတွက် ကျန်းမာသန်စွမ်းသောလူငယ်များဖြစ်လာကြသည်။ တပ်မတော်သားတစ်ဦးအဖြစ်ပြည်သူ့စစ်မှုထမ်းကြရသည့်အခါ စစ်သားကြီးလုံးလုံး၊ ဗိုလ်မှူးကြီးရှုံးလောက်ရဲ့ဆိုစကားကဲ့သို့ သွက်လက်ဖျတ်လတ်ကျန်းမာကြံ့ခိုင်သည်မှာ ဒေါင်ဒေါင်ပင်မြင်တော့သည်။





ပြည်သူ့စစ်မှုထမ်းများ၏စွမ်းဆောင်ချက်များသည် နိုင်ငံတော်လုံခြုံရေးအတွက် အလွန်အရေးပါသည့် အလှည့်အပြောင်းတစ်ခုဖြစ်သည်။ သမိုင်းစာမျက်နှာတွင် ပြည်သူ့စစ်မှုထမ်းများ၏စွမ်းဆောင်မှုကို မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။ သူတို့၏စွန့်လွှတ်စွန့်စားမှု၊ ရဲရင့်မှု၊ သတ္တိပြောင်မြောက်မှုက "နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာအမြဲတမ်းစစ်မှုထမ်းတပ်မတော်သားတွေသာမက နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည်" ဟူသောအနှစ်သာရကိုပီပြင်စွာဖော်ညွှန်းပြသနိုင်ခြင်းဖြစ်သည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဥပဒေပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" ဆိုသည့်ပြဋ္ဌာန်းချက်ကိုလက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်၊

ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့်စည်းကမ်းစနစ်ကျနစွာစီမံဆောင်ရွက်ပေးထားသည်။ တရားနည်းလမ်းကျနစွာဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းမရှိပါက သတင်းပေးတိုင်ကြားဆက်သွယ်နိုင်ရန် လိပ်စာနှင့်ဖုန်းနံပါတ်များကိုနေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်သည်။

> ❖ **ပြည်သူ့စစ်မှုထမ်းများ၏ စွမ်းဆောင်ချက်များသည် နိုင်ငံတော်လုံခြုံရေးအတွက် အလွန်အရေးပါသည့် အလှည့်အပြောင်းတစ်ခုဖြစ်သည်။ သမိုင်းစာမျက်နှာတွင် ပြည်သူ့စစ်မှုထမ်းများ၏ စွမ်းဆောင်မှုကို မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ် . . .**
>
> ❖ **သူတို့၏စွန့်လွှတ်စွန့်စားမှု၊ ရဲရင့်မှု၊ သတ္တိပြောင်မြောက်မှုက "နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ အမြဲတမ်းစစ်မှုထမ်းတပ်မတော်သားတွေသာမက နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည်"ဟူသော အနှစ်သာရကိုပီပြင်စွာဖော်ညွှန်းပြသနိုင်ခြင်းဖြစ် . . .**

သင်တန်းတက်ရောက်ရန် သင်တန်းများစတင်ဖွင့်လှစ်ခြင်း၊ သင်တန်းပြီးမြောက်ခြင်းစသည့်အချိန်အခါများတွင်လည်း သက်ဆိုင်ရာတာဝန်ရှိသူများကိုယ်တိုင်အလေးထားဂုဏ်ပြုခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို သတင်းမီဒီယာများတွင်ဖော်ပြထားသည်၊ ထို့အတူ သင်တန်းသားများ၏ ရင်တွင်းစကားသံများကိုလည်း ပြည်သူများကြားသိအောင်ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းများကို နိုင်ငံတော်နှင့်ပြည်သူတို့က အလေးထားကြည့်ရှုစောင့်ရှောက်မှု၊ ကြိုဆိုဂုဏ်ပြုမှုများ စဉ်ဆက်မပြတ်ရှိနေကြောင်းကို ထင်ရှားစွာပြနေခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် ခံ့ညားထည်ဝါစွာပြည်သူ့စစ်မှုထမ်းဆောင်ခွင့်ရရှိခြင်းဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို မိမိတို့၏ဘိုးဘွားများတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့၍ ယနေ့တိုင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင်မားမားမတ်မတ်ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ ခေတ်ကာလအလိုက် လူငယ်များ၏တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များနှင့်အတူ စွန့်လွှတ်စွန့်စားကာကွယ်ပေးခဲ့သည့်အတွက် နိုင်ငံတော်သီချင်းတွင်ဖော်ပြထားသည့်အတိုင်း "တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ-တို့ပြည်-တို့မြေ- များလူခပ်သိမ်း-ငြိမ်းချမ်းစေဖို့-ခွင့်တူညီမျှ-ဝါဒဖြူစင်တဲ့ပြည်-တို့ပြည် တို့မြေ" အစချီသော နိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာသံပြိုင်ဟစ်ကြွေးနိုင်ခြင်းဖြစ်သည်။ လူငယ်တိုင်းက မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်ခင်မြတ်နိုးတန်ဖိုးထားကာကွယ်လိုစိတ်ရှိနေမှသာ မြန်မာနိုင်ငံသည်ကမ္ဘာ့အလယ်တွင်ထည်ဝါခံ့ညားစွာရပ်တည်နေနိုင်မည်ဖြစ်သည်။

ဘိုးဘွားအမွေစစ်ဖြစ်သည့် မြန်မာနိုင်ငံကိုမျိုးဆက်သစ်လူငယ်အဆက်ဆက်ကလည်း ရှေးကလူငယ်များနည်းတူကာကွယ်စောင့်ရှောက်ကြရမည်မှာ သမိုင်းအစဉ်အလာကောင်းဖြစ်သည်။ နိုင်ငံတော်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေပေါ်ထွန်းလာပြီး အရွယ်ရောက်သူနိုင်ငံသားတိုင်းကာကွယ်ရေးပညာကို သင်ကြားခွင့်ရရှိခြင်းသည် နိုင်ငံတော်နှင့်လူငယ်များ၏ အနာဂတ်အတွက် ကောင်းကျိုးတိုးပွားစေခြင်းဖြစ်သည်။ နိုင်ငံတိုင်းတွင် တပ်မတော်ကိုအင်အားရှိအောင်နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာတွင်မြန်မာနိုင်ငံ၏ကာကွယ်ရေးစွမ်းအားမြှင့်တင်ခြင်းနည်းလမ်းများထဲတွင်ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းလည်းပါဝင်ပေသည်။ **"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"** ဟူသောဆောင်ပုဒ်သည်အမြဲတမ်းမှန်ကန်နေသည့်အမှန်တရားဖြစ်သည်၊ အင်အားချည့်နဲ့နေလျှင် သူများအောက်ကျခံနေရမည်သာဖြစ်သည်။

**စာမျက်နှာ ၉ သို့**

**စာမျက်နှာ ၈ မှအဆက်**

ပြည်သူ့စစ်မှုထမ်းများနှင့်ပတ်သက်လျှင် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး သတ်မှတ်အသက်အရွယ် အကျုံးဝင်သူတိုင်းကို တစ်ပြိုင်နက် စစ်မှုထမ်းဆောင်စေခြင်း မဟုတ်ဘဲ သတ်မှတ်အရည်အချင်းကိုက်ညီသူများ အနက် ကျန်းမာရေးဆေးအဆင့် အောင်မြင်ပြီးသူများကိုသာ ပြည်သူ့စစ်မှုထမ်းအဖြစ် လစဉ်အလှည့်ကျ ခေါ်ယူနေခြင်းဖြစ်သည်။ ဥပဒေအရ အကျုံးဝင်သူများအနက် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်ရရှိသူများကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းအဖြစ် တပ်မတော်ရှိသင်တန်းကျောင်းအသီးသီးတွင် စစ်ပညာရပ်များကို စနစ်တကျသင်ကြားပေးပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကာလတစ်လျှောက်လုံးတွင် အမြဲတမ်းစစ်မှုထမ်းများနှင့် တန်းတူ လစာ၊ ရိက္ခာနှင့်အခြားရပိုင်ခွင့်၊ ခံစားခွင့်များကို အပြည့်အဝရရှိစေသည်။ ပြည်သူ့စစ်မှုထမ်းအတွေ့အကြုံကောင်းများကြောင့် သူတို့၏ တစ်ကိုယ်ရေ စည်းကမ်းပိုင်း ပိုမိုကောင်းမွန်လာသလို စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်တည်ငြိမ်မှု၊ မိမိကိုယ်ကိုယုံကြည်မှု၊ ဇွဲ၊ လုံ့လနှင့် ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှုများကိုပါ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ကျရာအခန်းကဏ္ဍအလိုက် တာဝန်သိနိုင်ငံ့သားကောင်းများအဖြစ် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခြင်းအတွေ့အကြုံများမှာ သူတို့၏ဘဝတွင် မမေ့နိုင်စရာ အတွေ့အကြုံကောင်းများဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းများတွင် ဆေးပညာမဟာဘွဲ့ရဆရာဝန်များအပြင် အခြားဘွဲ့လွန်၊ ဘွဲ့ရပညာတတ်လူငယ်များလည်း ပါဝင်နေသည်ကို တွေ့မြင်နေရခြင်းအားဖြင့် သူတို့၏စိတ်ဓာတ်နှင့် ဆောင်ရွက်ချက်မှာလေးစားဂုဏ်ယူဖွယ်ဖြစ်သည်။

ဤလောကတွင် မေတ္တာနှင့်စေတနာတို့သည် ရောင်ပြန်ဟပ်သည်။ တစ်ဦးက စေတနာ၊ တစ်ဦးကမေတ္တာဆိုသည့်အတိုင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သတ်မှတ်ကာလ ပြည့်မြောက်ပါက နိုင်ငံတော်အနေဖြင့် လက်လွှတ်စပယ် (မသိကျိုးကျွန်)ပြုကာ ပြန်လည်စေလွှတ်ခြင်းမျိုးမဟုတ်ပေ။ လူငယ်များကပြည်သူ့စစ်မှုထမ်းတာဝန်ကိုကျေပွန်ပြီးမြောက်စွာ ထမ်းဆောင်ခဲ့သည့်အတွက် နိုင်ငံတော်အနေဖြင့်“စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ” ကိုဖွဲ့စည်းခဲ့ပြီး စစ်မှုထမ်းကာလ ပြည့်မြောက်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးနေပြီဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများ၏ အနာဂတ်ခရီးလမ်း သာယာဖြောင့်ဖြူးစေရန်၊ ဘဝအာမခံချက်များခိုင်မာစေရန်အတွက် နိုင်ငံတော်အစိုးရက ကောင်းမွန်သော အစီအမံများပြုလုပ်ပေးလျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းများ၏အိမ်ပြန်ခရီး သို့မဟုတ် အနာဂတ်မှာပန်းခင်းသောလမ်းကို လျှောက်လှမ်းကြရတော့မည်ဖြစ်သည်။

အဆိုပါ စီမံခန့်ခွဲမှုကော်မတီကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီဝင်းခုဖွဲ့စည်းကာ ပြည်သူ့စစ်မှုထမ်းတာဝန် အောင်မြင်စွာထမ်းဆောင်ပြီးသူများကို တာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြုဂုဏ်ပြုလက်မှတ်ပေးအပ်ပြီး အလုပ်အကိုင်များရရှိနိုင်သည့်ရွေးချယ်စရာလမ်းကြောင်းများကိုလည်းဖော်ဆောင်ပေးလျက်ရှိသည်။

> ❖ **နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းမှာ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး နိုင်ငံတော်နှင့်ပြည်သူများအကြား ယုံကြည်မှုနှင့် တာဝန်သိမှုကိုဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည်။ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် စံနမူနာကောင်းလည်းဖြစ် . . .**

ပထမဆုံးလမ်းကြောင်း အနေဖြင့် တပ်မတော်၏ရင်ခွင်တွင်ဆက်လက်ခိုလှုံပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်လိုသူများအတွက် အမြဲတမ်းစစ်မှုထမ်းအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခွင့်ပြုခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းလူငယ်များသည် နှစ်နှစ်တာစစ်မှုထမ်းကာလအတွင်းတွင် စစ်ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားကြပြီဖြစ်ပြီး စည်းကမ်းလိုက်နာမှု၊ ရဲရင့်မှုနှင့် ကြံ့ခိုင်မှုများကို လက်တွေ့နယ်ပယ်တွင်သက်သေပြနိုင်ခဲ့ပြီးဖြစ်၍ တပ်မတော်က ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လက်ကမ်းကြိုဆိုလျက်ရှိသည်။ အမြဲတမ်းစစ်မှုထမ်းအဖြစ် ကူးပြောင်းတာဝန်ထမ်းဆောင်လိုသူများကို လက်ရှိတာဝန်ထမ်းဆောင်ခဲ့သည့် နှစ်နှစ်တာကာလကို စစ်မှုထမ်းသက်အဖြစ် အသိအမှတ်ပြုပေးသွားမည်ဖြစ်ပြီး သူတို့၏ အရည်အချင်းနှင့်သင့်လျော်သည့် ရာထူးအဆင့်ဆင့်ကိုလည်း တိုးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

အထူးသဖြင့် တက္ကသိုလ်တက်ရောက်ဆဲ ကျောင်းသားများနှင့် တက္ကသိုလ်ဝင်တန်းအဆင့် အောင်မြင်ပြီးသူများကို တပ်ကြပ်ကြီးအဆင့်အထိ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ကိုက်ညီမှုရှိခဲ့လျှင် သက်ဆိုင်ရာ ဗိုလ်သင်တန်းသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိမည်ဖြစ်သည်။ ထို့ကြောင့် ယခုပထမလမ်းကြောင်းမှာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ရဲရဲဝံ့ဝံ့စွန့်စားလိုသည့်အပြင် တပ်မတော်သားဘဝကို မြတ်နိုးသူများအတွက် ဂုဏ်ယူဝင့်ကြွားစွာ ရွေးချယ်သင့်သော လမ်းကြောင်းကောင်းတစ်ခုဖြစ်သည်။ တပ်မတော်သားဆိုသည်မှာ ကိုယ်တိုင်ဆန္ဒဖြင့် အမှုထမ်းကြသူများဖြစ်သည့်အတွက် အမြဲတမ်းစစ်မှုထမ်းအဖြစ်ဆက်လက်တာဝန်ထမ်းဆောင်ရေးကို အတင်းအကျပ်တွန်းအားပေးခြင်းမျိုး ရှိမည်မဟုတ်ပေ။ ကာယကံရှင်ကိုယ်တိုင်၏ဆန္ဒအရ တပ်မတော်သားဘဝကို အမှန်တကယ်ချစ်ခင်မြတ်နိုးပြီး တပ်မတော်တွင်တာဝန်ဆက်လက်ထမ်းဆောင်လိုသူများကိုသာ လက်ခံပေးသွားမည်ဖြစ်သည်။

ဒုတိယမြောက် ရွေးချယ်စရာလမ်းကြောင်းမှာ အရပ်ဘက်နိုင်ငံ့ဝန်ထမ်းအဖြစ်ကူးပြောင်းတာဝန်ထမ်းဆောင်လိုသူများအတွက် စီစဉ်ပေးထားသည့်အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများပူးပေါင်းကာ ဝန်ထမ်းအဖြစ် ဦးစားပေးခန့်အပ်ခြင်းဖြစ်သည်။ ခန့်အပ်ရာတွင်မူလအသက်သတ်မှတ်ချက်ကို သုံးနှစ်အထိတိုးမြှင့်လက်ခံပေးသွားမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများထဲမှ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်သူများအနေဖြင့်လည်း သတ်မှတ်ကာလပြည့်ပြီးပါက မူလနေရာဌာနများမှာ မူလတာဝန်များအတိုင်း ပြန်လည်ခန့်အပ်ပြီး စစ်မှုထမ်းကာလနှစ်နှစ်ကို လုပ်သက်အဖြစ် ထည့်သွင်းတွက်ချက်ပေးသွားမည်ဖြစ်သည်။

တတိယမြောက်ရွေးချယ်စရာလမ်းကြောင်းမှာ အစိုးရဝန်ထမ်းအဖြစ်မလုပ်ကိုင်လိုဘဲ ပြည်တွင်းပြည်ပ ပုဂ္ဂလိကကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် အလုပ်သမားဝန်ကြီးဌာနက ချိတ်ဆက်ဆောင်ရွက်ပေးမည့်အစီအစဉ်ဖြစ်သည်။ အစီအစဉ်အရ အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ပူးပေါင်းပြီး စစ်မှုထမ်းတာဝန်ပြီးဆုံးသူများကို ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် ဦးစားပေးခန့်အပ်သွားမည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဟောင်းများ၏ စည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲနိုင်မှုအပြင် ကိုယ်ကာယကြံ့ခိုင်မှုနှင့် မှန်ကန်သည့် စိတ်ဓာတ်ရေးရာများမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အလွန်တန်ဖိုးရှိလှသည့် လူသားအရင်းအမြစ်များဖြစ်သည်။ ထို့ကြောင့်လည်း စီးပွားရေးလုပ်ငန်းရှင်ကြီးများက သူတို့ကိုဝမ်းပန်းတသာလိုလိုလားလားလက်ကမ်းကြိုဆိုလျက်ရှိသည်။ အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများပူးပေါင်းပြီး ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်သည့်နေရာမှာလည်း စစ်မှုထမ်းတာဝန်ကျေပွန်ခဲ့သူများကို အထူးဦးစားပေးစေလွှတ်သွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

စတုတ္ထအနေဖြင့် နောက်ဆုံးလမ်းကြောင်းကတော့ တပ်မတော်သားအဖြစ်၊ အစိုးရဝန်ထမ်းအဖြစ် အသက်မွေးဝမ်းကျောင်းမပြုလိုသူများကို မိမိတို့၏ဇာတိချက်ကြွေ မွေးရပ်မြေကိုပြန်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် လိုအပ်မည့်အရင်းအနှီးနှင့် ချေးငွေများကို နိုင်ငံတော်အစိုးရကသတ်မှတ်ချက်နှင့်အညီ ထုတ်ချေးပေးမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် နည်းပညာများကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် လိုအပ်ချက်များကို ပြည့်စုံအောင် ဖြည့်ဆည်းပေးမည်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပြီးသူများအနေဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကကဲ့သို့ ရိုးသားမှု၊ ကြိုးစားမှုဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်” ဟူ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပုဒ်မ ၃၈၆ တွင်ပြဋ္ဌာန်းထားသည်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ထိုသို့တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားများကို ဧပြီလ ၁၁ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ခဲ့သည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းမှာနိုင်ငံတော်အတွက်နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး နိုင်ငံတော်နှင့်ပြည်သူများအကြား ယုံကြည်မှုနှင့်တာဝန်သိမှုကိုဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည်။လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် စံနမူနာကောင်းလည်းဖြစ်သည်။

မည်သည့်အလုပ်မဆို ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်ဆောင်ရွက်ပြီးမှသာ အကျိုးအကြောင်း၊ အဆိုးအကောင်းကိုသိရှိနိုင်မည်ဖြစ်ပေရာ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီးမြောက်သူများအဖို့ နိုင်ငံတော်၏မေတ္တာစေတနာကို နားလည်သဘောပေါက်ကြပြီဖြစ်သည်။ ယခင်ကမဟုတ်မမှန်သတင်းများထုတ်လွှင့်ကာ နိုင်ငံပျက်စီးရေးအဖျက်အမှောင့်သမားများ၏ သတင်းအမှားများသည် ကွယ်ပျောက်သွားခဲ့ပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်သူလူငယ်များ၏ အနာဂတ်မှာ ကြိုက်နှစ်သက်ရာလမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းခြင်းဖြင့် အနာဂတ်ကို ကောင်းမွန်အောင် ဖန်တီးတည်ဆောက်နိုင်ပြီဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**မန္တလာကိုကိုဝင်း**

# လုပ်သင့်လုပ်ထိုက်သောအလုပ်များ လုပ်ကိုင်နိုင်ကြဖို့

ကိုယဉ်ချစ်(မန္တလေး)

လူသားတိုင်းသည် စားဝတ်နေရေးဆိုသည့် အခြေခံလိုအပ်ချက်များကို နေ့စဉ်ဖြည့်ဆည်း လုပ်ကိုင်နေကြသည်။ နေ့စဉ်ပုံမှန် လုပ်ဆောင်နေရသည့် အလုပ်များဖြစ်ခြင်းကြောင့် အချို့က အလေးထားဆောင်ရွက်ကြသကဲ့သို့ အချို့က သာမန်သဘောဖြင့်သာ လုပ်ကိုင်ကြသည်။

စားဝတ်နေရေးဆိုသည့် အရာသုံးခုထဲမှ တစ်ခုခုမပြည့်စုံပါက လူ့ဘဝကို ပင်ပန်းဆင်းရဲစွာ ဖြတ်သန်းကြရသည်။ အဆိုပါ အရာများသည် ဘဝအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်ခြင်းကြောင့် မိမိတို့တွင်ရှိနေသည့် အခြေအနေအရပ်ရပ်ကို ရင်းနှီးစိုက်ထုတ်ကာ ပြည့်စုံအောင် ကြိုးစားရုန်းကန်လုပ်ကိုင်နေကြရသည်။ ထိုသို့ လုပ်ကိုင်ကြရာတွင် တည့်မတ်မှန်ကန်၍ လုပ်သင့်လုပ်ထိုက်သည့်အလုပ်များဖြစ်ရန်လိုအပ်သည်။

**စားရေး**

စားရေးသည် အသက်ရှင်ရပ်တည်နေနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ အစာအာဟာရပြည့်ဝမှအလုပ်လုပ်နိုင်မည်။ အလုပ်လုပ်နိုင်မှ ဘဝကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူသားတိုင်း စားသောက်ရေးအတွက် နေ့စဉ်နှင့်အမျှ ရုန်းကန်လုပ်ကိုင်နေကြခြင်းဖြစ်သည်။ စားသောက်ရာတွင် စည်းကမ်း၊ ကျန်းမာရေးနှင့် ညီညွတ်စွာ စနစ်တကျစားသုံးတတ်ရန်လိုသည်။

စာရေးသူတို့ငယ်စဉ်က စားသုံးခဲ့ရသည့် အစားအစာများသည် အန္တရာယ်ကင်းသည်။ အာဟာရဓာတ်ပါဝင်မှုမြင့်မားသည့် ဒေသထွက်အစားအစာများ၊ တောင်ပေါ်မြေပြန့်ဒေသများမှ ရိုးရာအစားအစာများဖြစ်ကာ နှစ်သက်ဖွယ်ရာ အစားအစာများဖြစ်ခဲ့သည်။

ယခုအခါ ဆန်းပြားသည့် အစားအစာများ၊ ဓာတုဆေးဝါးများအသုံးပြုထားသော အစားအစာများကိုပိုမိုစားသုံးလာကြသည်။ ဝိသမလောဘသားများ၏ လွန်ကဲသည့်အတ္တကြောင့် သဘာဝအတိုင်း အာဟာရပြည့်ဝစွာ စားသုံးနိုင်သည့် သစ်သီးဝလံများကိုပင် အထွက်နှုန်းတိုးရေး၊ အရောင်အသွေးလှပစေရေးတို့အတွက် ဓာတုဆေးဝါးများ အသုံးပြုလာကြသည်။ အစားအစာများနှင့် တွဲဖက် စားသုံးရသည့် အချဉ်ရည်( ဆော့ )စသည်တို့ကိုပင် သဘာဝအတိုင်း မဟုတ်သည့် ဓာတုပစ္စည်းများဖြင့် ရောစပ်ထုတ်လုပ်လာကြသည်။ စားချင်စဖွယ်ဖြစ်စေရန် အရောင်ဆိုးဆေးများကို အသုံးပြုလာကြသည်။ အထူးသဖြင့် ကလေးသူငယ်များ စားသုံးသည့် အချို့မုန့်ပဲသရေစာများကို ဆွဲဆောင်မှုရှိသည့် ထုပ်ပိုးမှုပုံစံများဖြင့် တာရှည်ခံဆေးများ၊ ဆေးသကြားများ၊ ဆိုးဆေးများ ထည့်သွင်းထုတ်လုပ်ခြင်းများကို လုံးဝမပြုသင့်ပေ။

စားသောက်မှုပုံစံများတွင် အကြောင်းပြချက် အမျိုးမျိုးဖြင့် စည်းမဲ့ကမ်းမဲ့ စားသောက်မှုများ လည်းရှိလာကြသည်။ မွန်းမတည့်မီအချိန်မှာပင် အရက်၊ ဘီယာဆိုင်များ၌ စည်ကားနေသည်ကို မြင်တွေ့နေရသည်။ ပင်ပန်းခက်ခဲစွာ ရှာဖွေရသည့် ငွေများကို တလွဲအသုံးပြုနေကြသည်။

ရှေးခေတ်က အရက်သမား၊ ဘိန်းစားဟု သတ်မှတ်ခံရသူများသည် လူရာမဝင်ဖြစ်ခဲ့ကြသည်။ ယခုအခါ အရက်၊ ဘီယာစသည်တို့ကို တံဆိပ်အမျိုးမျိုး၊ ထုပ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချလာကြသည်။ တချို့အခမ်းအနား၊ ဧည့်ခံပွဲများတွင် ယဉ်ကျေးမှုတစ်ခုသဖွယ် ခင်းကျင်းတည်ခင်းမှုများပင်လုပ်ဆောင်ကြသည်။

**❖ ရှေးနှစ်ပေါင်းများစွာကတည်းကပင် ရဟန်းပညာရှိ၊ လူပညာရှိများသည် နောင်လာနောက်သားများကို ယဉ်ကျေးလိမ္မာသူများဖြစ်ရေးအတွက် လုပ်သင့်လုပ်ထိုက်၊ လိုက်နာသင့်သည်များကို ကျမ်းဂန်တော်လာ ဩဝါဒကထာများဖြင့် အမှားနည်းကြစေရန် ဝေဖန်စိစစ်၍ အဆီအနှစ်များကို ထုတ်နုတ်ကာ နီတိကျမ်းများ ပြုစုဆုံးမခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အများစုမှာ ရှေးပညာရှိကြီးများ၏ဆုံးမစာ၊ မေတ္တာစာ၊ စကားပုံ၊ ဖတ်စာ၊ စာတမ်းများ၏ သွန်သင်ဆုံးမမှုများဖြင့် ကြီးပြင်းလာခဲ့ကြရသည်။ ထို့ကြောင့် ယဉ်ကျေးသိမ်မွေ့သော လူမျိုးများအဖြစ် ရပ်တည်ရှင်သန်ခဲ့ကြခြင်းဖြစ်သည်။ ❖**

အပင်ပန်းခံ၍ ရှာဖွေရရှိလာသည့် ငွေကြေးများသည် အကျိုးရှိရှိသုံးစွဲရန်ဖြစ်သော်လည်း စည်းကမ်းမဲ့သုံးစွဲမှုများကြောင့် ရှာဖွေရသမျှ ရရစားစား ဝါးဝါးမြိုမြို ဆိုစကားကဲ့သို့ အဖတ်မတင်ဘဲ ဆင်းရဲမှုနွံအတွင်းသို့ အချိန်မရွေး ကျရောက်နိုင်သည်ကို သတိပြုဆင်ခြင်သင့်ပေသည်။

**ဝတ်ရေး**

ဝတ်ဆင်ရေးသည် ရာသီဥတုဒဏ်နှင့် အရှက်မှ ကာကွယ်ရန်ဖြစ်သည်ဟု ယေဘုယျအားဖြင့်ဆိုနိုင်သည်။ ရာသီဥတုဒဏ်မှကာကွယ်ရန် ရာသီကာလအလိုက်ဝတ်ဆင်သင့်သည့် အဝတ်အစားများကို ဝတ်ဆင်ကြသည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများအရ ဟီရိဩတ္တပ္ပဆိုသည့် အရှက်အကြောက်တရားကို တန်ဖိုးထားဝတ်ဆင်ကြသည်။ မိဘနှင့်သားသမီး၊ မောင်နှင့်နမတို့ကြား အမြင်မတင့်သည့်၊ အရှက်မဲ့သည့် ဝတ်စားဆင်ယင်မှုများမပြုရန် မိဘ၊ ဆရာများက ဆုံးမသွန်သင်ကြသည်။

မြန်မာလူမျိုးတို့၏ ဝတ်စားဆင်ယင်မှုများသည် မြန်မာ့ယဉ်ကျေးမှုသရုပ်ကို ထင်ဟပ်နေသည်။ မြန်မာတိုင်းရင်းသားအားလုံး၏ ရိုးရာဝတ်စုံများသည်လည်း အမြင်တင့်တယ်ကျက်သရေရှိပြီး မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းထားသည်ကို မြင်တွေ့ရသည်။ အဝတ်အစားနှင့်အတူ တွဲဖက်ဝတ်ဆင်သည့် ဆင်ယင်ထုံးဖွဲ့မှုများသည်လည်း ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းထားနိုင်ခြင်းအဖြစ် ဂုဏ်ယူဖွယ်ရာဖြစ်နေရသည်။

ယခင်က မြန်မာအမျိုးသမီးများသည် အရှက်အကြောက်ကြီးမားသူများဖြစ်ကာ လုံခြုံသိမ်မွေ့စွာ ဝတ်စားဆင်ယင်ကြသည်။ ယနေ့မြန်မာအမျိုးသမီးငယ်တချို့သည် မလုံ့တလုံ ဝတ်စားဆင်ယင်လာကြသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ တချို့သော အနုပညာရှင်ဆိုသူများ၊ ဆယ်လီဆိုသူများ၏ဝတ်စားဆင်ယင်မှုများသည် မြန်မာ့ယဉ်ကျေးမှုကို သရုပ်ပျက်ဖျက်ဆီးနေသည်ဟုပင် ဆိုနိုင်သည်။

ဒူးနေရာဒူး၊ တော်နေရာတော် ဆိုစကားအတိုင်း သူ့နေရာနှင့်သူ ဝတ်စားဆင်ယင်မှုကို အမြဲဂရုပြုရမည်။ အိမ်မှာနေလျှင် သာမန်အဝတ်အစား၊ အပြင်သွားလျှင် သွားလာရမည့်ပွဲလမ်းသဘင်ကိုလိုက်၍ ဝတ်စားဆင်ယင်မှုကို အလေးထားဝတ်ဆင်ခြင်းသည် လူတစ်ဦး၏ဂုဏ်သိက္ခာကို ထင်ဟပ်စေသည်။

**နေရေး**

နေထိုင်မှုသည်လည်း အလေးထားဖွယ်ရာဖြစ်သည်။ လွတ်လပ်ပေါ့ပါးစွာ နေထိုင်သည်ဟုဆိုသော်ငြားလည်း အနေအထိုင်တတ်ရန်လိုသည်။ အနေအထိုင်မတတ်ပါက လူအများ၏ကဲ့ရဲ့စရာ ဖြစ်တတ်သည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ လူငယ်များသည် သက်ကြီးရွယ်အိုများ၏ရှေ့မှ ဖြတ်သွားပါက ဦးခေါင်းနှင့်ခါးကိုညွတ်၍ အရိုအသေးပေးကာ သွားခဲ့ကြသည်။ ယနေ့ခေတ်တွင် ဤအစဉ်အလာများ တိမ်ကောသွားသည်ကို သတိပြုမိသည်။

စာရေးသူ ဝန်ထမ်းဘဝက ဌာနအကြီးအကဲက အပြောအဆို၊ အနေအထိုင်ယဉ်ကျေးသိမ်မွေ့စေရန် ဝန်ထမ်းများကို အမြဲဆုံးမသည်ကို အမှတ်ရမိသည်။ ကိုယ့်ထက် အသက်အရွယ်ကြီးသူ၊ ရာထူးကြီးသူများနှင့် မျက်နှာချင်းဆိုင် ဆုံတွေ့ပါက အရိုအသေပေးကာ ဘေးသို့ကပ်၍ မင်္ဂလာပါဟု နှုတ်ဆက်စေသည်။ ဝန်ထမ်းများကလည်း လိုက်နာဆက်ဆံကြသည်။ ဤသွန်သင်ဆုံးမမှုသည် လိုက်နာမှတ်သားဖွယ်ရာပင်ဖြစ်ပေသည်။

ရှေးနှစ်ပေါင်းများစွာကတည်းကပင် ရဟန်းပညာရှိ၊ လူပညာရှိများသည် နောင်လာနောက်သားများကို ယဉ်ကျေးလိမ္မာသူများဖြစ်ရေးအတွက် လုပ်သင့်လုပ်ထိုက်၊ လိုက်နာသင့်သည်များကို ကျမ်းဂန်တော်လာ ဩဝါဒကထာများဖြင့် အမှားနည်းကြစေရန် ဝေဖန်စိစစ်၍ အဆီအနှစ်များကို ထုတ်နုတ်ကာ နီတိကျမ်းများ ပြုစုဆုံးမခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အများစုမှာ ရှေးပညာရှိကြီးများ၏ဆုံးမစာ၊ မေတ္တာစာ၊ စကားပုံ၊ ဖတ်စာ၊ စာတမ်းများ၏ သွန်သင်ဆုံးမမှုများဖြင့် ကြီးပြင်းလာခဲ့ကြရသည်။ ထို့ကြောင့် ယဉ်ကျေးသိမ်မွေ့သော လူမျိုးများအဖြစ် ရပ်တည်ရှင်သန်ခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့် စားဝတ်နေရေးအတွက် လုပ်ကိုင်သည့်အလုပ်များသည် မှန်ကန်သည့်အလုပ်များ ဖြစ်နိုင်သကဲ့သို့ အကြောင်းတစ်ခုခုကြောင့် မှားယွင်းမှုများလည်း ကြုံရတတ်ပါသည်။ ကြုံလာရမည့်အမှားကို အမှန်အဖြစ် အချိန်မီပြောင်းလဲလုပ်ကိုင်ပါက အလုပ်၏အကျိုးဖြစ်ထွန်းမှုများကို ခံစားနိုင်မည်ဖြစ်သည်။

အလုပ်တိုင်းတွင် မသိ၍လုပ်သည်။ သိလျက်နှင့်လုပ်သည်။ သိလည်းမသိ လုပ်လည်းမလုပ်။ သိသော်လည်း မလုပ်၊ မသိသေးသည်ကို သိအောင်လုပ်သည်။ သိလည်းသိသည် လုပ်လည်းလုပ်သည် ဆိုသည့်သဘာဝများရှိပါသည်။ ဤသဘာဝအရ မသိသေးပါက သိအောင်လုပ်၍ မှန်ကန်သည့် အလုပ်အဖြစ် ပြောင်းလဲလုပ်ဆောင်နိုင်ခြင်းသည် လုပ်သင့်လုပ်ထိုက်သော အလုပ်ဖြစ်သည်။ သို့ဖြစ်ပါ၍ စားဝတ်နေရေးအလုပ်များသည် လုပ်ရိုးလုပ်စဉ်များဖြစ်သော်လည်း လုပ်သင့်လုပ်ထိုက်သော အလုပ်များကိုသာ လုပ်ကိုင်နိုင်ကြစေရေး ရည်ရွယ်ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ဆရာနန်းညွန့်ဆွေ စီစဉ်တည်းဖြတ်သည့် ဟံသာဝတီဆုံးမစာပေါင်းချုပ်**
- **ဆရာဦးသုခ၏ မှတ်အပ်၊ မှတ်ရာ မှတ်စုပဒေသာ၊ သုခမှတ်စု**
- **မြန်မာအဘိဓာန်(တတိယအကြိမ်)၊ ပညာရေးဝန်ကြီးဌာန။**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ မေမေ့အချစ်ဦး ရုပ်ရှင်ဇာတ်ကား Premier Red Carpet Show ပြုလုပ်



ရန်ကုန် ဧပြီ ၁၁

ဧပြီ ၁၇ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် မေမေ့အချစ်ဦးရုပ်ရှင်ဇာတ်ကား Premier Red Carpet Show ကို ဧပြီ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မေမေ့အချစ်ဦး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ကိုမင်းဆက်သစ်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားကာ စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာမင်းဆက်သစ်က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"သဲအနေနဲ့ ဒီဇာတ်ကားမှာ သဲသဲလေပ်ဖြူဆိုတဲ့ မင်းသမီး တစ်ယောက်ကာရိုက်တာနဲ့ သရုပ်ဆောင်ထားပါတယ်။ ဒါရိုက်တာ ကိုမင်းဆက်သစ်ရဲ့ လက်ရာတွေမို့ ဇာတ်အတက်အကျ အနိမ့်အမြင့်တွေက တော်တော်လေးကောင်းပါတယ်။ ဒရာမာအနေနဲ့ သဲအတွက် ပထမဆုံးဇာတ်ကားလို့လဲ ပြောလို့ရပါတယ်။ ကိုယ့်ကြောင့် ဒီဇာတ်ကို တစ်ခုခုဖြစ်မှာလဲ စိုးရိမ်မိပါတယ်။ ပါဝင်ကြတဲ့ ကာရိုက်တာတွေမှာ သူ့နေရာနဲ့သူတော့ ဘယ်သူမှမမှားကြဘူး။ သူ့နေရာနဲ့သူက မှန်နေတာဆိုတော့ ဇာတ်လမ်းလေးက ပရိသတ်တွေလာကြည့်မှ ဇာတ်အိမ်အလှည့်အပြောင်းလေးတွေကို သေသေချာချာလေးသိရမှာပါ"ဟု အဆိုပါ မေမေ့အချစ်ဦး ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် သဲစုညိမ်းက ပြောပြသည်။

မေမေ့အချစ်ဦး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ဟင်နရီစံ၊ ဟိန်းထက်အောင်၊ မေမီကိုကို၊ သဲစုညိမ်း၊ စိုးမိုးကြည်၊ နန်းခမ်းဝါ၊ ဝင်းမင်းသန်း၊ စွမ်းထက်အောင်၊ ရွှန်းလဲ့ကိုကို၊ ယွန်းသဒ္ဒါဟန်၊ သံစဉ်ဆည်းဆာ၊ သံစဉ်ဖြိုးပိုင် စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Gladys ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇက်ခရက်ဂျာနှင့် ဇက်ရီးတို့ တာဝန်ယူရေးသားမည်

နယူးယောက် ဧပြီ ၁၁

Weapons (2025) ထိတ်လန့်သည်းဖိုဇာတ်ကား၏ ဇာတ်အိမ်ကာလမတိုင်မီ အဖြစ်အပျက်များကို ရိုက်ကူးမည့် Gladys ရုပ်ရှင်ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကိုဇာတ်ညွှန်းရေးဆရာ ဇက်ခရက်ဂျာနှင့် ဇက်ရီးတို့က တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း ဧပြီ ၁၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Gladys ဇာတ်ကားကို ရိုက်ကူးမည့် ဒါရိုက်တာနှင့် ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ဝါနာဘရားသားကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Weapons (2025) သည် ကမ္ဘာ့တစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၇၀ ကျော်ရရှိထားသည့် ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်သည်။

Weapons (2025)ဇာတ်ကားကို ဒါရိုက်တာ ဇက်ခရက်ဂျာက ကိုယ်တိုင် ဇာတ်ညွှန်းရေးသား၍ ကိုယ်တိုင်ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသမီး အေမီမာဒီဂန်သည် ၉၈ ကြိမ်မြောက် အော်စကာဆုပေးပွဲ၌ အကောင်းဆုံး ဇာတ်ပို့မင်းသမီး အော်စကာဆုကို ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ထင်ရှားသည့် တေးသံရှင်များပါဝင်သော မူလဟန်ပန် နွေသင်္ကြန် တေးဂီတဖျော်ဖြေပွဲကို ရန်ကင်းမြို့နယ်တွင် ပြုလုပ်မည်ဖြစ်

ရန်ကုန် ဧပြီ ၁၁

ထင်ရှားသည့် တေးသံရှင်များ ပါဝင်သော မူလဟန်ပန် နွေသင်္ကြန် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် ပြုလုပ်မည်ဖြစ်ပြီး MRTV-4 နှင့် Channel 7 ရုပ်သံလိုင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မူလဟန်ပန် နွေသင်္ကြန် တေးဂီတဖျော်ဖြေပွဲကို မဟာသင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်မှစတင်ကာ မဟာသင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ပြီး တေးဂီတဖျော်ဖြေပွဲနှင့်အတူ မြန်မာ့ရိုးရာရေကစားမဏ္ဍပ်ကိုလည်း ထည့်သွင်းထားရှိကြောင်း သိရသည်။

"ကမ္ဘာ့အေးဘုရားလမ်း၊ မြကျွန်းသာမှာ မူလဟန်ပန် နွေသင်္ကြန်ရေကစားမဏ္ဍပ်မှာ ပြုလုပ်မဲ့ မူလဟန်ပန် နွေသင်္ကြန် တေးဂီတဖျော်ဖြေပွဲမှာ ရှိနေပါမယ်။ MRTV-4 နဲ့ Channel 7 ရဲ့ နှစ်စဉ် ပြုလုပ်နေကျ ရေကစားမဏ္ဍပ်နဲ့ တေးဂီတဖျော်ဖြေပွဲလဲ ဖြစ်ပါတယ်။ အရင် နှစ်တွေကနဲ့မတူတဲ့ ပိုကြီးမားတဲ့ ဇာတ်ခုံပေါ်က အမိုက်စား အနုပညာရှင်တွေရဲ့ အလန်းဆုံး ဖျော်ဖြေတင်ဆက်မှုတွေကိုခံစားကြရမယ်။ တူတူရေပက်ကြရင်း လမ်းလျှောက်သင်္ကြန်ရဲ့ အရသာကို အပြည့်အဝခံစားကြမယ်နော်"ဟု တေးသံရှင် ဟဲလေးက ပြောပြသည်။




အဆိုပါ မူလဟန်ပန် နွေသင်္ကြန် တေးဂီတဖျော်ဖြေပွဲတွင် ထင်ရှားသည့် တေးသံရှင်များဖြစ်သော တေးသံရှင် ဟဲလေး၊ ထွန်းထွန်း (Examplez)၊ Snare၊ ကျော်ထွဋ်ဆွေ၊ AR-T၊ GFatt၊ ETERNAL GOSH၊ သီရိဆွေ၊ အိမ့်ချစ်၊ မိစန္ဒီ၊ နန်းသူဇာနှင့် အခြားအနုပညာရှင်ပေါင်း များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# မင်းသားဂလန်းပိုဝဲ ပါဝင်ထားသည့်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည် ယူနီဗာဆယ်ကြေညာ

နယူးယောက် ဧပြီ ၁၁

မင်းသားဂလန်းပိုဝဲ ပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ဧပြီ ၁၀ ရက်တွင် ကြေညာထားကြောင်း သိရသည်။

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ ကြေညာချက်အရ အထက်ပါဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်မှာ The Comeback King ဖြစ်ကြောင်း သိရသည်။

The Comeback King ဇာတ်ကားတွင် မင်းသား ဂလန်းပိုဝဲသည် နာမည်ကျနေသည့် ကျေးလက်အဆိုတော် တစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

The Comeback King ဇာတ်ကားကို ဒါရိုက်တာ ဂျုပ်အပါတိုးက တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကို မင်းသား ဂလန်းပိုဝဲနှင့် ဒါရိုက်တာ ဂျုပ်အပါတိုးတို့ တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

The Comeback King ဇာတ်ကားကို ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပြီး မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (MRCCI) နှင့်စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်းပြီး မြန်မာ့ရိုးရာလမ်းလျှောက် သင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ မြန်မာ့ရိုးရာ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျုံးအရှေ့ဘက် ၆၆ လမ်း၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ MRCCI ရုံးချုပ်အဆောက်အအုံရှေ့တွင် ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာအစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ လုလင်ပျိုများ၏ ယိမ်းအကအလှများ၊ တေးသံရှင် နီနီခင်ဇော်နှင့် အခြားအနုပညာရှင်များကလည်း သီဆိုဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီသင်္ကြန်မှာ ကျွန်တော်တို့ MRCCI နဲ့ ပူးပေါင်းတဲ့လုပ်ငန်းရှင်တွေ အများအပြား ပါဝင်ပါတယ်။ MRCCI သင်္ကြန်ဆိုပေမဲ့ ညီနောင်အသင်းသားတွေ၊ လုပ်ငန်းရှင်တွေရဲ့ သင်္ကြန်ဖြစ်ပါတယ်။ ရိုးရာသင်္ကြန်နဲ့အတူ လမ်းလျှောက်သင်္ကြန်ကို ဆင်နွှဲပါမယ်။ ရေကစားရာမှာ လောင်းလှေနဲ့ရေပက်တာတွေပါမှာပါ။ လက်ဖက်ထမင်းစတုဒိသာအပြင် အဆာပြေစားစရာတွေလဲပါဝင်မယ်"ဟု မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးတင်လတ်က ပြောပြသည်။ ASH

# Press Release

H.E. Mr. Anton Kobyakov, Adviser to the President of the Russian Federation, sent a congratulatory message to H.E. U Min Aung Hlaing, President of the Republic of the Union of Myanmar, on the occasion of his election as President of the Republic of the Union of Myanmar.

# Press Release

His Majesty Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah, Sultan and Yang Di-Pertuan of Brunei Darussalam sent congratulatory message to H.E. U Min Aung Hlaing, President of the Republic of the Union of Myanmar, on the occasion of his election as President of the Republic of the Union of Myanmar.

# Press Release

Mr. President of the Republic of the Union of Myanmar,

U Min Aung Hlaing

It is with high regard that I offer my sincerest congratulations for your election as the Presidency of Myanmar. This important milestone reflects the confidence your people have placed in your leadership and vision for the nation's future.

I wish you every success in your term, with achievements that promote the prosperity, stability, and well-being of the people of Myanmar, as well as the strengthening of friendly and cooperative relations with the international community.

May your government be guided by wisdom, dialogue, and commitment to sustainable development and social harmony.

I renew my expressions of esteem and distinguished consideration.

Your Sincerely,

Ricardo Cateb Cury
Honorary Consul of the Republic of the Union of Myanmar
São Paulo/Brazil

# Press Release

H.E. Mr. Sihasak Phuangketkeow, Deputy Prime Minister and Minister of Foreign Affairs of the Kingdom of Thailand sent a congratulatory message to H.E. U Nyo Saw, on the occasion of his election as Vice-President of the Republic of the Union of Myanmar.

H.E. Mr. Sihasak Phuangketkeow, Deputy Prime Minister and Minister of Foreign Affairs of the Kingdom of Thailand sent a congratulatory message to H.E. Daw Nan Ni Ni Aye, on the occasion of her election as Vice-President of the Republic of the Union of Myanmar.

# Merchants supply large volume of Thai Baygya paddy to Yangon market within one month

**Labutta April 11**

Local merchants from Labutta Township in Ayeyawady Region sent a large volume of Thau Baygya variety of paddy to Yangon market in March, said Daw Win Win Myint, the owner of rice and paddy trading centre in Labutta Township.

From Labutta Township, only about 45,000 baskets of Thai Baygya variety paddy were exported to the Yangon market during February. However, in March this year, exports increased to as much as 55,000 baskets within a single month.

"During the past month, a large volume of Thai Baygya paddy alone was exported and sold. Agricultural products from Labutta Township are mostly transported and sold to the Yangon market. The Thai Baygya variety belongs to the coarse paddy group. This type of paddy is seeing strong demand from buyers in Yangon. In the domestic rice and paddy market, paddy itself is currently in high demand," said Daw Win Win Myint.

Thai Baygya paddy exported from Labutta Township to the Yangon market over the past month has reached a price of up to K1,350,000 per 100 baskets. The variety is regarded as a good-quality paddy.

Kyaw Kyaw Lin

# 13 killed in S. Lebanon as Israel intensifies strikes ahead of U.S.-Iran talks

**Beirut April 11**

Israeli warplanes intensified their air campaign across the Nabatieh district in southern Lebanon on Saturday, launching airstrikes that killed at least 13 people and caused widespread destruction across multiple areas, including casualties among emergency and health workers.

At dawn, airstrikes targeted a residential building in a town, killing three people. Additionally, an initial strike targeted a cluster of private electricity generators in a village, igniting fires and causing significant damage, followed by another airstrike that killed three people.

According to Lebanon's Ministry of Public Health, a strike on Kfar Sir killed four people, including a paramedic affiliated with the Islamic Health Authority, and wounded four others. Another airstrike on Zefta killed three people, including a member of the Lebanese Civil Defense, and injured two others.

In a statement, the ministry condemned the repeated targeting of medical teams, describing it as a flagrant violation of international humanitarian law, and said such incidents are being documented as part of international legal proceedings to protect the rights of emergency responders.

Xinhua

# Pakistani PM meets U.S. JD Vance: statement

**Islamabad April 11**

Pakistani Prime Minister Shehbaz Sharif on Saturday met with U.S. Vice President JD Vance, according to a statement from the Prime Minister's Office.

Vance arrived here on Saturday for talks with the Iranian team to end the recent hostilities in the Middle East region.

Commending the commitment of both delegations to engage constructively, Sharif expressed the hope that these talks would serve as a stepping stone toward durable peace in the region.

Sharif reiterated that Pakistan looks forward to continuing its facilitation of both sides in making progress towards sustainable peace in the region.

On the same day, the prime minister met with the Iranian team arrived earlier Saturday.

Xinhua



Pakistani Prime Minister Shehbaz Sharif (R) meets with U.S. Vice President JD Vance in Islamabad, Pakistan, on April 11, 2026.

# Green gram plantations harvested in Mawlaik District



Newly harvested green gram in a field.

**Mawlaik April 11**

Agricultural data compiled by Mawlaik District Agriculture Department indicated that local farmers have harvested all plantations of green gram in Mawlaik Distrit of Sagaing Region.

During the winter cropping season in Mawlaik District, a total of 1,360 acres of green gram were cultivated. Harvesting of the cultivated green gram fields began in January this year, and as of today, harvesting has been completed on all 1,360 acres—371 acres in Mawlaik Township and 989 acres in Phaungpyin Township. The yield exceeded 16 baskets per acre.

"In Mawlaik District, only 1,360 acres of green gram were cultivated during the winter cropping season. At present, all of these cultivated areas have been fully harvested. Green gram cultivation has been increasing year by year. We are also providing extension education to expand cultivation and encouraging the use of high-quality seeds to achieve better yields," said Daw Kywe Kywe Hlaing, District Head of the Department of Agriculture in Mawlaik.

In Mawlaik District, the respective township Departments of Agriculture have been providing awareness and technical support to green gram farmers, including ensuring access to regionally suitable quality seeds, promoting correct cultivation methods, preventing pest infestations, encouraging systematic use of fertilizers, and improving crop yields.

During this year's winter cropping season, in collaboration with farmers, efforts are being made to support the cultivation of various pulses by providing necessary high-quality seeds, agricultural inputs, and post-harvest technologies to ensure better yield and quality. 206

# Farmers harvest all sown acreage of chickpea in Indaw Township

**Indaw April 11**

Local farmers reaped all sown acreage of chickpea plantations in Indaw Township of Sagaing Region, according to the township Agriculture Department.

They planted 1,720 acres of chickpea as cold season crops in Indaw Township. Starting from January this year, they harvested chickpea plantations, and so far they have harvested all plantations of crops, yielding more than 16 baskets per acre.

In Indaw Township, during the winter cropping season, a total of 1,720 acres of chickpea were cultivated to increase the production of pulses and ensure food security. At present, all of the cultivated chickpea fields have been fully harvested.

"Chickpea is a crop with strong domestic demand, so it has a reliable market, and farmers who cultivate it are doing well," said U Thein Khine, Head of the Township Department of Agriculture in Indaw.

In Indaw Township, the Township Department of Agriculture has provided awareness and technical support to chickpea farmers, including improving yields, ensuring access to regionally suitable quality seeds, promoting correct cultivation methods, preventing pest infestations, and encouraging the systematic use of fertilizers.

It is also reported that during this year's winter cropping season, in cultivating various pulse crops, the respective Township Department of Agriculture has worked in collaboration with farmers to provide necessary high-quality seeds, agricultural inputs, and post-harvest technologies to ensure better yield and crop quality. 206

# More than 7,000 acres of wheat reaped in ChaungU Township of Sagaing Region

**ChaungU April 11**

More than 7,000 acres of wheat planted as cold season crop in ChaungU Township has been harvested in the township of Sagaing Region, according to ChaungU Township Agriculture Department.

They planted 12,221 acres of wheat in ChaungU Township. So far, they have harvested 7,378 acres of wheat against the target, yielding 20.82 baskets per acre.

In ChaungU Township, during the winter cropping season, a total of 12,210 acres of wheat have been cultivated. At present, harvesting of these wheat fields is underway, and as of today, more than 7,000 acres have already been harvested.

"We have conducted awareness and extension activities for farmers regarding wheat cultivation. To increase yields, we supported irrigation, fertilizer application, and weeding. We also promoted the use of high-quality seeds to improve wheat production," said U Tint Swe, Head of the Township Department of Agriculture in ChaungU.

In ChaungU Township, efforts have been carried out during the cropping season to ensure that all planned acreage for winter crops is fully cultivated, to improve wheat yields and quality, to enable systematic production of high-quality wheat, and to prevent pest-related risks. It is also reported that wheat is typically planted from October to December, and harvested from February, to April.

The cost of cultivating one acre of wheat is approximately 300,000 kyats, and an average yield of about 21 baskets per acre can be obtained.

The ChaungU Township Department of Agriculture has also been providing support to wheat farmers by conducting training courses to improve yields, facilitating access to high-quality seeds, and selling urea fertilizer at affordable prices.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myinmu Township finishes harvest of more than 4,000 acres of wheat

**Myinmu April 11**

Statistics of Sagaing District Agriculture Department stated that local farmers have harvested more than 4,000 acres of wheat in Myinmu Township of Sagaing Region.

In Myinmu Township, during the winter cropping season, a total of 8,808 acres of wheat were cultivated. Harvesting of the cultivated wheat fields began in February this year, and as of today, 4,545 acres have been harvested, with an average yield of 20.89 baskets per acre.

"During the winter cropping season in Myinmu Township, 8,808 acres of wheat were planted. At present, harvesting is ongoing, and more than 4,000 acres have been harvested so far. We have conducted awareness and extension activities for farmers regarding wheat cultivation. To increase yields, we supported irrigation, fertilizer application, and weeding. We also promoted the use of high-quality seeds to improve wheat production," said Daw Myat Moe Win, District Head of the Department of Agriculture in Sagaing District.

In Myinmu Township, efforts have been carried out during the cropping season to ensure that all planned acreage for winter crops is fully cultivated, to improve wheat yields and quality, to enable systematic production of high-quality wheat, and to prevent pest-related risks. It is also reported that wheat is typically planted in October, November, and December, and harvested in February, March, and April.

The cost of cultivating one acre of wheat is approximately 300,000 kyats, and an average yield of about 21 baskets per acre can be obtained.

The Myinmu Township Department of Agriculture has also been providing support to wheat farmers by conducting training courses to improve yields, facilitating access to quality seeds, and selling urea fertilizer at affordable prices.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ထိုင်းတော်ဝင်ရေတပ်က ဆတ်တာဟစ်ရေတပ်အခြေစိုက်စခန်းတွင် အသုံးပြုရန် စပိန်နိုင်ငံထုတ် LANZA 3D ရေဒါစနစ်ကို ဝယ်ယူရန်စာချုပ်ချုပ်ဆို




ထိုင်းတော်ဝင်ရေတပ်သည် ၎င်းတို့၏ အဓိက ရေတပ်ဗဟိုချက်ဖြစ်သော ဆတ်တာဟစ် ရေတပ်အခြေစိုက်စခန်းတွင် အသုံးပြုရန်အတွက် စပိန်နိုင်ငံ အခြေစိုက် Indra ကုမ္ပဏီထုတ် LANZA 3D ရေဒါစနစ်ကိုဝယ်ယူရန် စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစာချုပ်သည် Indra ကုမ္ပဏီအနေဖြင့် ထိုင်းတော်ဝင်ရေတပ်သို့ ပထမဆုံးအကြိမ် ရေဒါရောင်းချခွင့်ရခြင်းဖြစ်ပြီး၊ ၎င်းတွင် ပေါင်းစပ်ကွပ်ကဲမှုနှင့် ထိန်းချုပ်ရေးစခန်းများပါဝင်သဖြင့် ထိုင်းရေတပ်၏ ကွန်ရက်ချိတ်ဆက်စောင့်ကြည့်ရေးစနစ်သို့ ကူးပြောင်းခြင်းကိုပြသနေသည်။ ချွန်ဘူရီပြည်နယ်ရှိ ဆတ်တာဟစ်စခန်းတွင်တပ်ဆင်မည့် ဤစနစ်သည် ဗန်ကောက် ပင်လယ်အော်တစ်ခုလုံးကို လွှမ်းခြုံ ထောက်လှမ်းနိုင်မည်ဖြစ်ပြီး ထောက်လှမ်းရန်ခက်ခဲသော ဝေဟင်ခြိမ်းခြောက်မှုများကိုပါ အမြဲတစေ ခြေရာခံနိုင်ကာ ရေတပ်နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ တုံ့ပြန်ဆောင်ရွက်မှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။

ထိုင်းတော်ဝင်ရေတပ်နှင့် စပိန်နိုင်ငံ Indra ကုမ္ပဏီတို့ကြား ချုပ်ဆိုခဲ့သော ဤစာချုပ်သည် ရေဒါတစ်ခုတည်းကိုသာ ဝယ်ယူခြင်းမဟုတ်ဘဲ ဆတ်တာဟစ် ရေတပ်စခန်းအတွက် ဒေသတွင်း စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစနစ်တစ်ခုလုံးကို တည်ဆောက်ခြင်းဖြစ်သည်။ ၎င်းတွင် ရေဒါနှင့်အတူ ပေါင်းစပ်ကွပ်ကဲမှုနှင့် ထိန်းချုပ်ရေးစခန်းများပါဝင်သဖြင့် ထိုင်းပင်လယ်ကွေ့၏ ရေတပ်စစ်ဆင်ရေးများကို အဓိက ကျောထောက်နောက်ခံပြုပေးနိုင်မည်ဖြစ်သည်။

Indra ကုမ္ပဏီ LANZA 3D ရေဒါစနစ်သည် နည်းပညာပိုင်းအရ အလွန်မြင့်မားသောစွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားပြီး မိုင်ပေါင်း ၃၀၀ (ကီလိုမီတာ ၄၇၀)အကွာအဝေးနှင့် အမြင့်ပေ ၁၀၀၀၀၀ ထိ ကျယ်ပြန့်စွာ လွှမ်းခြုံထောက်လှမ်းနိုင်ကာ ၁၀ စက္ကန့်လျှင် တစ်ပတ်နှုန်းဖြင့် ဒီဂရီ ၃၆၀ ပတ်လည်ကို အမြဲမပြတ်စောင့်ကြည့်နိုင်စွမ်းရှိသည်။ ထို့ပြင် ဤရေဒါသည် အရွယ်အစားသေးငယ်ပြီး ထောက်လှမ်းရန်ခက်ခဲသော ဒရုန်းငယ်များကိုပါ အဝေးမှပင် ကြိုတင်ခွဲခြားသိမြင်နိုင်စွမ်းရှိသဖြင့် ခေတ်သစ် ဝေဟင်ခြိမ်းခြောက်မှုများကိုတန်ပြန်ရာတွင် ထိရောက်သည့် နည်းပညာရပ်တစ်ခုဖြစ်သည်။

ထိုင်းတော်ဝင်ရေတပ်သည် လက်ရှိတွင်လည်း ခေတ်မီရေဒါစနစ်များကို ပိုင်ဆိုင်ထားသော်လည်း ယခုဝယ်ယူလိုက်သည့် LANZA 3D ရေဒါစနစ်သည် ကာကွယ်ရေးကွက်လပ်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်လိမ့်မည် ဖြစ်သည်။ ထိုင်းတော်ဝင်ရေတပ်သည် ၂၀၂၂ ခုနှစ်ကတည်းက တပ်ဆင်ထားသည့် SCANTER ရေဒါများဖြင့် ပင်လယ်ပြင်ရှိ မှောင်ခိုလှေငယ်များနှင့် ရေကူးသူအရွယ်အစားထိ အနီးကပ်ထောက်လှမ်းနိုင်သည့် ကမ်းရိုးတန်းစောင့်ကြည့်ရေး စွမ်းရည်ရှိသော်လည်း အဝေးလှမ်းလေကြောင်းရန်ကာကွယ်ရေးအတွက်မူ အားနည်းချက်ရှိနေသည်။ ယခုဝယ်ယူလိုက်သည့် LANZA ရေဒါသည် ဆတ်တာဟစ် အခြေစိုက်စခန်းအတွက် အမြဲတမ်း ကြိုတင်သတိပေးစနစ်ကို ထိရောက်စွာပေးစွမ်းနိုင်မည်ဖြစ်ပြီး စစ်ရေယာဉ်များ ဆိပ်ကမ်း၌ကပ်ထားသည်ဖြစ်စေ၊ ပြုပြင်ထိန်းသိမ်းနေသည်ဖြစ်စေ ရန်သူ့ဒရုန်းများနှင့် အနိမ့်ပျံလေယာဉ်များကို အဝေးမှပင် ကြိုတင် ထောက်လှမ်းပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ထိုင်းလေတပ်တွင်လည်း ဤရေဒါအမျိုးအစားကိုပင် အသုံးပြုထားသဖြင့် တပ်ဖွဲ့များကြား အချက်အလက်ဖလှယ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့တွင် ပူးပေါင်းစစ်ဆင်ရေးစွမ်းရည်ကို ပိုမိုအားကောင်းစေမည့် မဟာဗျူဟာမြောက် အားသာချက်များ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**Thailand Selects Spain's Indra LANZA 3D Radar for Counter-Drone Detection at Sattahip Base.** ကို ဘာသာပြန်ဆိုထားပါသည်။

## အိန္ဒိယတပ်မတော်၏ အနာဂတ်ဒရုန်းနည်းပညာဆိုင်ရာ မဟာဗျူဟာနှင့် လမ်းပြမြေပုံ ထုတ်ပြန်



အိန္ဒိယတပ်မတော်သည် အနာဂတ်စစ်မြေပြင်တွင်အသုံးပြုမည့် မောင်းသူမဲ့လေယာဉ်စနစ်များ(UAS)နှင့် လေဟုန်စီးတိုက်ခိုက်ရေး လက်နက်များအတွက် လိုအပ်ချက်များကို အသေးစိတ်ဖော်ပြထားသည့် နည်းပညာလမ်းပြမြေပုံ တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း The Defense Post သတင်းဌာနက ဧပြီ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြည်တွင်း သတင်းမီဒီယာများ၏ ဖော်ပြချက်အရ စာမျက်နှာ ၅၀ ခန့်ပါဝင်သော အဆိုပါ လမ်းပြမြေပုံတွင် ဒရုန်းအမျိုးအစား ငါးမျိုးအောက်၌ ပါဝင်သည့် စနစ်ပေါင်း ၃၀ ခန့်ကို အသေးစိတ် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါလမ်းပြမြေပုံသည် စစ်မြေပြင်၏ လက်တွေ့လိုအပ်ချက်များနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများကြား ဖြစ်ပေါ်နေသောကွက်လပ်ကို ပေါင်းကူးပေးရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် အိန္ဒိယပြည်တွင်းရှိ စက်မှုလုပ်ငန်းများ၊ နည်းပညာစွန့်ဦးတီထွင်ကုမ္ပဏီများနှင့် ပညာရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ ကာကွယ်ရေးကဏ္ဍတွင် ပိုမိုကျယ်ပြန့်စွာပါဝင်လာစေရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

ဤလမ်းပြမြေပုံသည် မကြာသေးမီကဖြစ်ပွားခဲ့သော ကမ္ဘာ့ပဋိပက္ခများမှရရှိသည့် သင်ခန်းစာများကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်။ အဆိုပါ ပဋိပက္ခများတွင် မောင်းသူမဲ့လေယာဉ်စနစ်များသည် စစ်ဆင်ရေးပုံစံများကို အကြီးအကျယ်ပြောင်းလဲပစ်ခဲ့ပြီး အလိုအလျောက်စနစ်အသုံးပြုနိုင်စွမ်းလိုအပ်ချက်ကို ပိုမိုမြင့်မားလာစေခဲ့သည်။ ဤမဟာဗျူဟာသည် နည်းပညာရှင်များအတွက် တိကျသေချာပြီး လက်တွေ့လုပ်ဆောင်နိုင်မှုများကိုပေးစွမ်းနိုင်သဖြင့် စစ်ဘက်ဦးစားပေးလိုအပ်ချက်များအပေါ်၌သာ အာရုံစိုက်တီထွင်နိုင်မည်ဖြစ်သည်။

အိန္ဒိယတပ်မတော်အနေဖြင့် ထောက်လှမ်းရေး၊ တိုက်ခိုက်ရေး၊ လေကြောင်းရန်ကာကွယ်ရေး၊ အထူးစစ်ဆင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ကဏ္ဍများတွင် အသုံးပြုမည့် ဒရုန်းအမျိုးအစားစုံကို လိုအပ်လျက်ရှိသည်။ ထို့ပြင် ကင်းထောက်ခြင်း၊ အီလက်ထရွန်နစ်စစ်ဆင်ရေးဆောင်ရွက်ခြင်းနှင့် ဝေးလံခေါင်သီသော ဒေသများသို့ ရိက္ခာပို့ဆောင်ခြင်းလုပ်ငန်းများအတွက်ပါ အသုံးပြုနိုင်မည့် ဒရုန်းအမျိုးအစားများကိုလည်း အသေးစိတ်ဖော်ပြထားသည်။

အိန္ဒိယတပ်မတော်၏ ဤဒရုန်းနည်းပညာလမ်းပြမြေပုံသည် ရိုးရှင်းသော လက်နက်ဝယ်ယူရေး အစီအစဉ်တစ်ခုထက်မကဘဲ ရေရှည်မဟာဗျူဟာမြောက်သည့် နည်းပညာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဦးတည်နေကြောင်း တွေ့ရှိရသည်။ လက်ရှိကမ္ဘာ့ပဋိပက္ခများတွင် ဒရုန်းနည်းပညာသည် စစ်ပွဲ၏အရှိန်အဟုန်နှင့် ရလဒ်ကိုပြောင်းလဲပေးနိုင်သည့် Game Changer ဖြစ်လာသည်နှင့်အညီ အိန္ဒိယနိုင်ငံအနေဖြင့် ပြည်ပနည်းပညာကိုသာ မှီခိုနေမည့်အစား ပြည်တွင်းရှိ စွန့်ဦးတီထွင်လုပ်ငန်းများနှင့် အတွေ့အကြုံသစ်များကိုပေါင်းစပ်ကာ ကိုယ်ပိုင်ဂေဟစနစ်(Ecosystem)တစ်ခု တည်ဆောက်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ အထူးသဖြင့် ဒရုန်းများကို ကင်းထောက်ရုံသာမက အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍများထိ ကျယ်ပြန့်စွာအသုံးချရန် ပြင်ဆင်လာခြင်းသည် အနာဂတ်စစ်ပွဲများတွင် လူသားထိခိုက်မှုကို အနည်းဆုံးဖြစ်စေပြီး အထိရောက်ဆုံးတိုက်ခိုက်နိုင်စွမ်းကို ဦးတည်နေခြင်းဖြစ်ကြောင်း သိရသည်။

**India Defines Future Drone Capabilities in New Army Strategy Document** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ်ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ထီးချိုင့် ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ်ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၄၆၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲပုပ် ၄၆၅၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲပုပ်ခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ လိုအပ်တဲ့ မျိုးစေ့ရရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်းသိရသည်။

ပဲပုပ်ကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပုစွန်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပုစွန်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့်ပုစွန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဖေဖော်ဝါရီလအတွင်းက ပုစွန်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ပုစွန်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့နိုင်ကြောင်း သိရသည်။



''ပြီးခဲ့တဲ့လထဲမှာ ရန်ကုန်ဈေးကွက်ကပုစွန်တွေ အဝယ်လိုက်ခဲ့ပါတယ်။ ငပုတောမြို့နယ်ကနေ အခြားရေထွက်ကုန်တွေအပြင် ပုစွန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အရောင်းအဝယ်တွေပုံမှန်ထက် ပိုမိုအရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေလာပါတယ်''ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်တစ်ပိဿာလျှင် အရွယ်အစားအပေါ်မူတည်ပြီး ငွေကျပ် ၁၇၅၀၀ မှ ၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုးကောင်းမြို့နယ် လေးမိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**မိုးကောင်း ဧပြီ ၁၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်သာကျေးရွာအုပ်စု လေးမိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၁၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါ လေးမိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**




# ဒိုက်ဦးမြို့နယ် ကလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ဒိုက်ဦး ဧပြီ ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကလိကျေးရွာအုပ်စု ကလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၁၀ ရက်ကအဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်များ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက စီမံကိန်းရန်ပုံငွေကျပ် ၄၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကလိကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၈ ဦးကို ငွေကျပ် ၄၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

**ချိုလေး**





နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မင်းလတ် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများအသီးသီးပြောကြားကြပြီး တာဝန်ကျေပွန်စွာ စစ်မှုထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများကို လက်ဖက်ရည်ပွဲငိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြပြီး နိုင်ငံ့သားကောင်းစစ်သည်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသောတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ် ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းများသည် စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်ကပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကိုရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီးသူများကို အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒပြုသည့်အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေး




ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦး သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက် ခဲ့သည့် ပြည်သူ့ စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။




ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက် ခဲ့သည့် ပြည်သူ့ စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။



ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် ကျော်လင်းမောင် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက် ခဲ့သည့် ပြည်သူ့ စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့်ဂုဏ်ပြု မှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်စဉ်။




နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက် ခဲ့သည့် ပြည်သူ့ စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက် ခဲ့သည့် ပြည်သူ့ စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။



အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက် ခဲ့သည့် ပြည်သူ့ စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။

အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်တွင်း၊ပြည်ပ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက် ၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံသားကောင်း ပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန်တန်ဖိုးထားခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူအကြား ယုံကြည်မှုနှင့် တာဝန်သိမှုကို ဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများနှင့် သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သားမျိုးဆက်သစ် လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင်ဖြစ်သည်။






သတ်မှတ်ကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

“ကျွန်တော် ပြည်သူ့စစ်မှုထမ်းထဲဝင်ရောက်ရတဲ့အကြောင်းရင်းကတော့ ဥပဒေပြဋ္ဌာန်းလိုက်ကတည်းက ရည်ရွယ်ချက်လေးတွေရှိတော့ ရည်ရွယ်ချက်လေးတွေ ပြည့်မြောက်ချင်လို့ဝင်လာခဲ့တာပါ။ နှစ်နှစ်ကာလမှာလဲ တွေ့ကြုံခဲ့ရတာတော့ စစ်သားတစ်ယောက်ရဲ့နေ့စဉ်လှုပ်ရှားမှုတွေ၊ သူတို့ဘယ်လို ကျော်ဖြတ်နေရတဲ့ဟာတွေကို ကျွန်တော်တို့သိခဲ့ရပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လဲ သူတို့နဲ့ပူးပေါင်းပြီးတော့ နှစ်နှစ်တာကာလပြီးဆုံးတဲ့ထိ ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။ ဒီကာလပြီးတော့ နောင်ဝင်လာမယ့်လူငယ်တွေကို ဘာပြောချင်လဲဆိုတော့ ကိုယ်တိုင်ကြိုးစားကြည့်ပါ။ ဘေးစကားတွေကိုမယုံပါနဲ့။ ကိုယ်တိုင်လုပ်ကြည့်မှကိုယ်တိုင်သိမှာပါ။ မည်သည့်အရာမဆို ကိုယ့်စဉ်းစားဆင်ခြင်ဉာဏ်နဲ့ ကိုယ်တိုင်ဆုံးဖြတ်ပြီးတော့ဝင်စေချင်တယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်”ဟု ပြောသည်။

“ကျွန်တော့်ရဲ့ အသိစိတ်ဓာတ်နဲ့ ကျွန်တော့်ရည်ရွယ်ချက်နဲ့ ဘယ်သူမှမတိုက်တွန်းပဲ ကျွန်တော့်ကိုယ်ကျွန်တော် ယုံယုံကြည်ကြည်နဲ့ ဝင်လာခဲ့တာဖြစ်ပါတယ်။ ဒီအတွက်လဲ ကျွန်တော်အခုလို စစ်သားတစ်ယောက်ဖြစ်ရတဲ့ စစ်ပညာတွေသင်ကြားရတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် အများကြီးဂုဏ်ယူမိတယ်။ မြန်မာနိုင်ငံမှာနေရင် မြန်မာနိုင်ငံကထုတ်တဲ့ ဥပဒေကိုတော့ လိုက်နာရမှာပဲ။ စစ်မှုထမ်းအပတ်စဉ်ထပ်လာမယ့် ညီငယ်လေးတွေကိုလဲ ဘာမှမစိုးရိမ်မကြောင့်ကြဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံယုံကြည်ကြည်နဲ့လာပြီးတော့ တာဝန်ထမ်းဆောင်ဖို့လဲကျွန်တော်က ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။ (၅၀၁)

**ရှေ့ဖုံးမှအဆက်**

(ဂ) ဒေါ်နန်းနီနီအေး အဖွဲ့ဝင်
ဒုတိယသမ္မတ (၂)

(ဃ) ဗိုလ်ချုပ်ကြီးရဲဝင်းဦး အဖွဲ့ဝင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

(င) ဦးခင်မောင်ရီ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်သမ္မတရုံး

(စ) ဦးတင်အောင်စန်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန

(ဆ) ဦးမြထွန်းဦး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်
ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်
ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဦးတင်မောင်ဆွေ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

(ည) ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဋ) ဦးသန်းမောင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာ
ဝန်ကြီးဌာန

(ဌ) ဒေါက်တာသီတာဦး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးနှင့်
ပြည်ထောင်စုရှေ့နေချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

(ဍ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး အဖွဲ့ဝင်
ညှိနှိုင်းကွပ်ကဲရေးမှူး
(ကြည်း၊ ရေ၊ လေ)

(ဎ) ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အတွင်းရေးမှူး

(ဏ) ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် တွဲဖက်အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ (National Solidarity and Peace – making Central Committee ) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တို့အတွက် လိုအပ်သောမူဝါဒများ ချမှတ်ပေးရန်နှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သောမူဝါဒများ ချမှတ်ပေးခြင်း၊

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို အခြေခံ၍ မူဝါဒများ ချမှတ်ပေးခြင်း၊

(င) ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အကြံပေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီမှ**

(ဃ) ဦးမင်းနောင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(င) ဦးဆန်းဦး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) ဦးမြင့်ကြိုင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လုဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား
ဝန်ကြီးဌာန

(ဆ) ဒေါက်တာစိုးဝင်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဇ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ဈ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ကယားပြည်နယ်အစိုးရအဖွဲ့

(ည) ဝန်ကြီးချုပ် အဖွဲ့ဝင်
ကရင်ပြည်နယ်အစိုးရအဖွဲ့

(ဋ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ချင်းပြည်နယ်အစိုးရအဖွဲ့

(ဌ) ဝန်ကြီးချုပ် အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဍ) ဝန်ကြီးချုပ် အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဎ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဏ) ဝန်ကြီးချုပ် အဖွဲ့ဝင်
မွန်ပြည်နယ်အစိုးရအဖွဲ့

(တ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ထ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဒ) တိုင်းမှူး အဖွဲ့ဝင်
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်

(ဓ) တိုင်းမှူး အဖွဲ့ဝင်
အရှေ့မြောက်တိုင်းစစ်ဌာနချုပ်

(န) တိုင်းမှူး အဖွဲ့ဝင်
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်

(ပ) တိုင်းမှူး အဖွဲ့ဝင်
အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

(ဖ) တိုင်းမှူး အဖွဲ့ဝင်
တြိဂံဒေသတိုင်းစစ်ဌာနချုပ်

(ဗ) တိုင်းမှူး အဖွဲ့ဝင်
အရှေ့တောင်တိုင်းစစ်ဌာနချုပ်

(ဘ) တိုင်းမှူး အဖွဲ့ဝင်
ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်

(မ) တိုင်းမှူး အဖွဲ့ဝင်
အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်

(ယ) တိုင်းမှူး အဖွဲ့ဝင်
အနောက်မြောက်တိုင်းစစ်ဌာနချုပ်

(ရ) တိုင်းမှူး အဖွဲ့ဝင်
တောင်ပိုင်းတိုင်းစစ်ဌာနချုပ်

(လ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဝ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(သ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာ
ဝန်ကြီးဌာန

(ဟ) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဠ) ရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(အ) ဒုတိယတပ်မတော်စစ်ဘက်ရေးရာ အဖွဲ့ဝင်
လုံခြုံရေးအရာရှိချုပ်
တပ်မတော်စစ်ဘက်ရေးရာ
လုံခြုံရေးအရာရှိချုပ်ရုံး

(ကက) ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း(ငြိမ်း) အဖွဲ့ဝင်

(ခခ) ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ (National Solidarity and Peace–making Working Committee)၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သောမဟာဗျူဟာ ချမှတ်ခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပအလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့်မူဝါဒများကို အကောင်အထည်ဖော်ရန်လုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာပူးပေါင်းပါဝင်နိုင်ရန်လိုအပ်သော မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများ သတ်မှတ်ပေးခြင်း၊

(င) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများသတ်မှတ်ပေးခြင်း။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ
၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်

သို့
အဆွေတော်
ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်၊

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အကျိုးတူကဏ္ဍများတွင် ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိတို့ ပြည်သူများနှင့် နှစ်နိုင်ငံလုံး၏ အပြန်အလှန်အကျိုးစီးပွားအတွက် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ အာဆီယံဒေသတွင်း မိတ်ဖက်များအဖြစ်သော်လည်းကောင်း အလွန်တန်ဖိုးထားရှိသည့် ဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား
ဘရူနိုင်းနိုင်ငံ ဘုရင်မင်းမြတ်

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးပုဂ္ဂိုလ် မစ္စတာ အန်တွန် ကိုဗျာကော့ဗ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးပုဂ္ဂိုလ် မစ္စတာ အန်တွန် ကိုဗျာကော့ဗ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

မစ္စတာ မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်သမ္မတကြီးခင်ဗျာ၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် ခင်မင်ရင်းနှီးစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်သည် အတွေ့အကြုံရှိ နိုင်ငံ့ခေါင်းဆောင်နှင့် ထက်မြက်သော တပ်မတော်ခေါင်းဆောင်တစ်ဦးဖြစ်သည်ကို မိမိတို့သိရှိထားပြီး ရာစုနှစ်များစွာကြာ ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံ၏အကျိုးစီးပွားနှင့် မြန်မာနိုင်ငံသားများ၏ မျှော်လင့်ချက်များကို တစိုက်မတ်မတ် လုပ်ဆောင်ချက်များမှတစ်ဆင့် အကြိမ်ကြိမ်သက်သေပြသခဲ့ပြီးဖြစ်ပါသည်။ အဆွေတော်သည် တပ်မတော်တွင် ဗိုလ်ချုပ်မှူးကြီးရာထူးတာဝန်အထိ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်နှင့်အညီ နိုင်ငံ၏နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာကို ခိုင်မာစွာ ကာကွယ်စောင့်ရှောက်ခဲ့ပါသည်။

အဆွေတော်၏ ပံ့ပိုးကူညီမှုဖြင့် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် အခြားကဏ္ဍများအပါအဝင် ကဏ္ဍများစွာ၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား နီးကပ်သောဆက်ဆံရေးသည် တဖြည်းဖြည်း ပိုမိုခိုင်မာလာလိမ့်မည်ဟု မိမိယုံကြည်ပါသည်။

ယခုကဲ့သို့ မြင့်မားသော ရာထူးနေရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အန်တွန် ကိုဗျာကော့ဗ်

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘရာဇီးလ်နိုင်ငံ ဆောင်ပိုလိုမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ ရီကာဒို စီ ကာရီ (Mr. Ricardo Cateb Cury) ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘရာဇီးလ်နိုင်ငံ ဆောင်ပိုလိုမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ ရီကာဒို စီ ကာရီ (Mr. Ricardo Cateb Cury) ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆွေတော်
ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အပေါ် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်၏ အနာဂတ်အတွက် အဆွေတော်၏ ဦးဆောင်မှု၊ မျှော်မှန်းချက်နှင့် မြန်မာပြည်သူများ၏ ယုံကြည်ကိုးစားမှုအပေါ် ထင်ဟပ်စေသည့် အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း မြန်မာပြည်သူများ၏ သာယာဝပြောရေး၊ တည်ငြိမ်အေးချမ်းရေး၊ ကောင်းကျိုးချမ်းသာများနှင့် ပြည့်စုံပါစေကြောင်းနှင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲလာပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်၏ အစိုးရအနေဖြင့် အမြော်အမြင်ရှိမှု၊ စေ့စပ်ညှိနှိုင်းနိုင်မှုတို့ဖြင့် ပြည့်စုံလျက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝသဟဇာတဖြစ်ရေးဟူသော ခိုင်မာသည့် ကတိကဝတ်များဖြင့် နိုင်ငံတော်ကို ဦးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ပြောကြားလိုပါသည်။

လေးစားမှုဖြင့်
မစ္စတာ ရီကာဒို စီ ကာရီ
မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်
ဆောင်ပိုလိုမြို့၊ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ကိုယ်စိတ်နှစ်ပါး ရှင်လန်းစွာဖြင့် သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်း
Myanmar Broadcasters Association




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ထံသို့ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန် ကော့ကဲ့ဝို့ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ထံသို့ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန် ကော့ကဲ့ဝို့ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ဗန်ကောက်မြို့
ဧပြီလ ၉ ရက်၊ ဘီ.အီး.၂၅၆၉ (၂၀၂၆)

အဆွေတော်
ဦးညိုစော
ဒုတိယသမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား နီးကပ်သော ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်ဦးနှစ်ဖက် ဘုံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် ထိုင်းနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်း အတည်ပြုအပ်ပါသည်။

ထိုင်း-မြန်မာ ဆက်ဆံရေး မျက်နှာစာသစ် ဖွင့်လှစ်နိုင်ရန်အတွက် အဆွေတော်နှင့်အတူ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

(ဆီဟာဆက် ဖူဝန် ကော့ကဲ့ဝို့)
ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်
နိုင်ငံခြားရေးဝန်ကြီး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ထံသို့ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန် ကော့ကဲ့ဝို့ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ထံသို့ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန် ကော့ကဲ့ဝို့ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ဗန်ကောက်မြို့
ဧပြီလ ၉ ရက်၊ ဘီ.အီး.၂၅၆၉ (၂၀၂၆)

အဆွေတော်
ဒေါ်နန်းနီနီအေး
ဒုတိယသမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။ မြန်မာနိုင်ငံအနေဖြင့် အစိုးရသစ်လက်ထက်တွင် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားလိုပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား နီးကပ်သော ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်ဦးနှစ်ဖက် ဘုံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် ထိုင်းနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်း အတည်ပြုအပ်ပါသည်။

အဆွေတော်၏ လုပ်ငန်းဆောင်တာများ အောင်မြင်မှုရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

(ဆီဟာဆက် ဖူဝန် ကော့ကဲ့ဝို့)
ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်
နိုင်ငံခြားရေးဝန်ကြီး

# အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၆ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရ ကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့် သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများကို မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိ သည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(National Solidarity and Peace-making Negotiation Committee) ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၃၈ / ၂၀၂၆**
**၁၃၈၇ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်**
**( ၂၀၂၆ ခုနှစ် ဧပြီ ၁၁ ရက် )**
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(National Solidarity and Peace-making Negotiation Committee) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသောလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **"အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace-making Negotiation Committee)"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်<br>ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဦးသန်းမောင်<br>ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမင်းနောင်<br>ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးဆန်းဦး<br>ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးမြင့်ကြိုင်<br>ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်စိုး<br>ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်<br>စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ( ဈ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း) | အဖွဲ့ဝင် |
| ( ဌ ) | ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း) | အဖွဲ့ဝင် |
| ( ဍ ) | ဗိုလ်ချုပ်စိုးနိုင်ဦး(ငြိမ်း) | အဖွဲ့ဝင် |
| ( ဎ ) | ဗိုလ်မှူးကြီးမောင်မောင်အုန်း(ငြိမ်း) | အဖွဲ့ဝင် |
| (ဏ) | ဗိုလ်မှူးကြီး (၁) ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (တ) | ဦးလှမောင်ရွှေ | အဖွဲ့ဝင် |
| (ထ) | ဦးရန်ကျော် | အဖွဲ့ဝင် |
| ( ဒ ) | ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် | အတွင်းရေးမှူး |
| ( ဓ ) | ဗိုလ်မှူးကြီးဝဏ္ဏအောင်<br>အတွင်းရေးမှူး<br>ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace-making Negotiation Committee)၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ပေးထားသော မဟာဗျူဟာများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပအလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဂ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသောအလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန်လိုအပ်သော ချမှတ်ပေးထားသည့် မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသည့် အချိန်ဇယားများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( င ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသည့် အချိန်ဇယားများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( စ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်ကောင်းမွန်သော အကြံပြုချက်များ ရှာဖွေဖော်ထုတ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ဆ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးနှင့် တစ်ဆက်တည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

( ဇ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ ဆောင်ရွက်ချက်နှင့် တိုးတက်မှုများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

( ဈ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(ည) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငွေကြေးသုံးစွဲခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၁**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၉၄ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၁၆ / ၂၀၁၆

၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးခင်လတ် | ဒုတိယဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၂) | ဦးထင်ကျော်သူ | ဒုတိယဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန |
| (၃) | ဦးအောင်မြိုင် | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (၄) | ဦးထွန်းလူ | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (၅) | ဦးမင်းဇေယျာလှိုင် | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၆) | ဦးသက်ဝင်းအောင် | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၇) | ဗိုလ်ချုပ် အောင်မျိုးသန့် | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (၈) | ဗိုလ်ချုပ် မင်းသူ | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၉) | ဦးနိုင်မင်းကျော် | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၁၀) | ဦးကိုကိုကျော် | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၁၁) | ဦးကျော်ထင် | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၁၂) | ဦးသန့်စင်လွင် | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၁၃) | ဒေါ်သန်းသန်းလင်း | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (၁၄) | ဦးဟန်ဝင်းအောင် | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (၁၅) | ဗိုလ်ချုပ် ကျော်စွာဦး | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၁၆) | ဦးစိုင်းထွန်းညို | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| (၁၇) | ဒေါက်တာ ထိန်လင်းဦး | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (၁၈) | ဒေါက်တာ ဇော်မြင့် | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |
| (၁၉) | ဦးနေမျိုးလှိုင် | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |
| (၂၀) | ဒေါက်တာ နေခြည်လဲ့လဲ့သိန်း | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂၁) | ဒေါက်တာ အေးထွန်း | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂၂) | ဒေါ်စန်းစန်းနွယ် | ဒုတိယဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန |
| (၂၃) | ဦးရဲတင့် | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၂၄) | ဦးလင်းအောင် | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန |
| (၂၅) | ဦးဗိုလ်ဗိုလ်ကျော် | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂၆) | ဒေါက်တာ ရဲထွန်းဝင်း | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂၇) | ဒေါက်တာ ရဲတင့်ထွန်း | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂၈) | ဦးသိုက်စိုး | ဒုတိယဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (၂၉) | ဦးခင်လတ်ကြီး | ဒုတိယဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃၀) | ဒေါက်တာ သောင်းနိုင်ဦး | ဒုတိယဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃၁) | ဦးအေးကျော် | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၃၂) | ဦးကျော်နိုင်ဝင်း | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၃၃) | ဦးသွင်အောင် | ဒုတိယဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန |
| (၃၄) | ဒေါက်တာ အောင်ဇေယျ | ဒုတိယဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန |
| (၃၅) | ဦးလင်းဇော်ထွန်း | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၃၆) | ဒေါက်တာ ခိုင်ခိုင်စိုး | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၃၇) | ဦးမောင်မောင်သန်း | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန |
| (၃၈) | ဦးမင်းမင်း | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၃၉) | ဦးဝင်းမြင့်ခိုင် | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၄၀) | ဦးညီညီ | ဒုတိယဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန |
| (၄၁) | ဦးစစ်နိုင် | ဒုတိယဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန |
| (၄၂) | ဦးမျိုးမြင့် | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၄၃) | ဒေါက်တာ သန်းစိုး | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| (၄၄) | ဒေါက်တာ သန့်ဇော်လွင် | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| (၄၅) | ဦးအေးထွန်း | ဒုတိယဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၄၆) | ဦးဖြိုးဇော်စိုး | ဒုတိယဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၁၉ / ၂၀၁၆

၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၂) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၅ တို့အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါ်ခင်မျိုးမြင့်
(၂) ဦးစိုးတင့်
(၃) ဒေါက်တာ စုစုဒွေး
(၄) ဦးထွန်းထွန်းဝင်း
(၅) ဒေါ်ခင်ရွှေမြင့်
(၆) ဒေါက်တာ ခင်ချစ်ချစ်

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၂၀ / ၂၀၁၆

၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**နေပြည်တော်ကောင်စီဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၄ တို့အရ အောက်ပါ ပုဂ္ဂိုလ်များအား နေပြည်တော်ကောင်စီဝင်များ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီး ရဲမိုး

(၂) ဦးမင်းဦး

(၃) ဦးခင်မောင်လတ်

(၄) ဦးဝင်းမိုးခိုင်

(၅) ဦးထွန်းထွန်း

(၆) ဦးအောင်ဇေယျ

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၂၁ / ၂၀၁၆

၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၄ တို့အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က သဘောတူညီသည့် အောက်ပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်အေးအေးမော် | ကချင်ပြည်နယ် |
| (၂) | ဦးထွန်းထွန်းဦး | ကယားပြည်နယ် |
| (၃) | ဦးညွှန့်လင်း | ကရင်ပြည်နယ် |
| (၄) | ဦးမြတ်စံ | ချင်းပြည်နယ် |
| (၅) | ဦးဇော်ထူး | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဒေါ်ပိုက်ပိုက်အေး | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဒေါ်လွင်လွင်အေးကျော် | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဒေါ်မိမိမော် | မကွေးတိုင်းဒေသကြီး |
| (၉) | ဒေါ်လှမြင့် | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဒေါ်ငွေးမြင့်အေး | မွန်ပြည်နယ် |
| (၁၁) | ဒေါ်မြအေး | ရခိုင်ပြည်နယ် |
| (၁၂) | ဒေါ်စန္ဒာသွယ် | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဦးသန်းဦးလွင် | ရှမ်းပြည်နယ် |
| (၁၄) | ဒေါ်မိုးမိုးအေး | ဧရာဝတီတိုင်းဒေသကြီး |

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၂၃ / ၂၀၁၆

၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (င)၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၂ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်နန်းလှလှအေး | ကချင်ပြည်နယ် |
| (၂) | ဦးဝင်းနိုင် | ကယားပြည်နယ် |
| (၃) | ဒေါ်နော်သန်းသန်းငြိမ်း | ကရင်ပြည်နယ် |
| (၄) | ဦးကပ်တလွန်း | ချင်းပြည်နယ် |
| (၅) | ဒေါ်လှလှဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဦးထိန်လင်းကျော် | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဦးခင်မောင်တင့် | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဦးအေးလွင် | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးလှသိန်း | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဒေါ်မိသန္တာမြင့် | မွန်ပြည်နယ် |
| (၁၁) | ဦးဝင်းမောင် | ရခိုင်ပြည်နယ် |
| (၁၂) | ဒေါ်ဖြူမာဝေ | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဦးစိုင်းကျော်ဇံ | ရှမ်းပြည်နယ် |
| (၁၄) | ဦးခင်မောင်လွင် | ဧရာဝတီတိုင်းဒေသကြီး |

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၂၄ / ၂၀၁၆

၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁ ၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၂၁ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်ခင်လေးနွယ် | ကချင်ပြည်နယ် |
| (၂) | ဒေါ်မော်မော် | ကယားပြည်နယ် |
| (၃) | ဦးအောင်စိုး | ကရင်ပြည်နယ် |
| (၄) | ဦးမောင်မောင်ခင် | ချင်းပြည်နယ် |
| (၅) | ဒေါ်မြင့်မြင့်သိန်း | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဒေါ်ငွေးငွေးမြင့် | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဒေါ်တင်တင်ငြိမ်း | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဒေါ်အေးအေး | မကွေးတိုင်းဒေသကြီး |
| (၉) | ဒေါ်ခင်ခင်သီ | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဒေါ်သိန်းသိန်းဦး | မွန်ပြည်နယ် |
| (၁၁) | ဒေါ်ခင်သန်းကြည် | ရခိုင်ပြည်နယ် |
| (၁၂) | ဒေါ်ခင်မာချို | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဒေါ်ခင်ထွေးရီ | ရှမ်းပြည်နယ် |
| (၁၄) | ဒေါ်ငြိမ်းငြိမ်းဝင်း | ဧရာဝတီတိုင်းဒေသကြီး |

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၂၂ / ၂၀၁၆

၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကချင်ပြည်နယ်**

(က) ဗိုလ်မှူးကြီး ကျော်သူရ — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးချန်တန်ခင် — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဦးကျော်မင်းခိုင် — လူမှုရေးရာဝန်ကြီးဌာန
(ဃ) ဦးအောင်နိုင် — လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန
(င) ဦးရဲရင့်ဆွေ — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) ဒေါက်တာအောင်ဝင်း — သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန
(ဆ) ဒေါက်တာသန်းဌေးအောင် — စည်ပင်သာယာရေးဝန်ကြီးဌာန

(၂) **ကယားပြည်နယ်**

(က) ဗိုလ်မှူးကြီးသန်းစိုးအောင် — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးတင်လှ — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဦးအောင်မျိုးသိန်း — လူမှုရေးရာဝန်ကြီးဌာန
(ဃ) ဦးရဲဝင်း — လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန
(င) ဦးဂျိုးဇက်ကျော် — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) ဒေါ်နှင်းနှင်းရီ — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ဆ) ဦးစောဟူးဟူး — စည်ပင်သာယာရေးဝန်ကြီးဌာန

(၃) **ကရင်ပြည်နယ်**

(က) ဗိုလ်မှူးကြီး စိုးမိုးဝင်း — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးညီညီဇော် — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဦးစောထွန်းအောင် — လူမှုရေးရာဝန်ကြီးဌာန
(ဃ) ဦးစောမျိုးမြင့် — လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန
(င) ဦးအောင်လွင် — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) ဦးစယဉ်ဌေး — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန
(ဆ) စောခေါင်ပန်ထော့ — စည်ပင်သာယာရေးဝန်ကြီးဌာန

(၄) **ချင်းပြည်နယ်**

(က) ဗိုလ်မှူးကြီး ခင်မောင်ထွေး — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဒေါက်တာ လျန်ဇခုပ် — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဦးစိန်ထွန်းလှ — လူမှုရေးရာဝန်ကြီးဌာန
(ဃ) ဦးနေလင်းအောင် — လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန
(င) ဦးပေါင်ဇလန်း — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) ဦးဝင်းဇော်ဦး — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ဆ) ဦးအောင်ကျော်ဌေး — စည်ပင်သာယာရေးဝန်ကြီးဌာန

(၅) **စစ်ကိုင်းတိုင်းဒေသကြီး**

(က) ဗိုလ်မှူးကြီး ဝင်းတင်စိုး — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးအောင်ဇော်ဦး — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဦးညွန့်ဝင်းအောင် — လူမှုရေးရာဝန်ကြီးဌာန
(ဃ) ဦးခင်မောင်အေး — လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန
(င) ဦးဆန်းဝင်း — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) ဦးတင်သန်းဝင်း — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ဆ) ဒေါက်တာ သောင်းနိုင် — စည်ပင်သာယာရေးဝန်ကြီးဌာန

(၆) **တနင်္သာရီတိုင်းဒေသကြီး**

(က) ဗိုလ်မှူးကြီး သိန်းဇော်မြင့် — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးမောင်ကြီး — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဦးသက်နိုင် — လူမှုရေးရာဝန်ကြီးဌာန
(ဃ) ဒေါက်တာ ဝင်းအောင် — လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန
(င) ဦးအောင်ကျော်ကျော်ဦး — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) ဦးသိန်းလွင် — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန
(ဆ) ဦးမင်းမင်းလတ် — စည်ပင်သာယာရေးဝန်ကြီးဌာန

(၇) **ပဲခူးတိုင်းဒေသကြီး**

(က) ဗိုလ်မှူးကြီး ညီလန်းချို — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးဇော်ဝင်း — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဒေါက်တာ ထူးခြားအောင် — လူမှုရေးရာဝန်ကြီးဌာန
(ဃ) ဦးကျော်ထွဋ် — လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန
(င) ဦးကိုကိုဦး — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) ဦးကျော်ကျော်လင်း — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ဆ) ဦးနိုင်လင်းဆွေ(ခ) ဦးထွန်းထွန်းဦး — စည်ပင်သာယာရေးဝန်ကြီးဌာန

(၈) **မကွေးတိုင်းဒေသကြီး**

(က) ဗိုလ်မှူးကြီး မိုးမင်းသိန်း — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးစန်းလွင် — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဒေါ်နွယ်နီနိုင် — လူမှုရေးရာဝန်ကြီးဌာန
(ဃ) ဦးဆန်းညွန့်အောင် — လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန
(င) ဦးအောင်နိုင် — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) ဦးစိုင်းမြင့်အေး — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ဆ) ဦးကြည်ထွန်း — စည်ပင်သာယာရေးဝန်ကြီးဌာန

(၉) **မန္တလေးတိုင်းဒေသကြီး**

(က) ဗိုလ်မှူးကြီး နေလင်းစိုး — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးသိန်းဌေး — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဦးလှကြွယ် — လူမှုရေးရာဝန်ကြီးဌာန
(ဃ) ဦးကျော်မိုးသက် — လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန
(င) ဦးလှမျိုး — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) ဒေါ်သိင်္ဂီအောင် — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ဆ) ဦးခင်မောင်အေး — စည်ပင်သာယာရေးဝန်ကြီးဌာန

(၁၀) **မွန်ပြည်နယ်**

(က) ဗိုလ်မှူးကြီး ကျော်စွာမြင့် — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) နိုင်လယီတမ (ခ) နိုင်ခင်မောင်ဇင် — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဦးတင်ဇော်ထွန်း — လူမှုရေးရာဝန်ကြီးဌာန
(ဃ) ဦးဇေယျာဦး — လျှပ်စစ်၊စွမ်းအင်၊စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(င) ဦးမင်းမြင့်မောင်လေး — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) မိလဝီဟန် — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ဆ) ဒေါက်တာ အောင်မြတ်ကျော်စိန် — စည်ပင်သာယာရေးဝန်ကြီးဌာန

(၁၁) **ရခိုင်ပြည်နယ်**

(က)ဗိုလ်မှူးကြီး ကျော်သူရ — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးအောင်ကျော်မိုး — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဦးကျော်စိုး — လူမှုရေးရာဝန်ကြီးဌာန
(ဃ)ဦးကျော်ဆွေလင်း — လျှပ်စစ်၊စွမ်းအင်၊စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(င) ဦးသက်ထွန်း — စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(စ) ဦးမြင့်စိုး — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ဆ)ဦးမြင့်စိုးဝင်း — စည်ပင်သာယာရေးဝန်ကြီးဌာန

(၁၂) **ရန်ကုန်တိုင်းဒေသကြီး**

(က)ဗိုလ်မှူးကြီး ဝင်းတင့် — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဒေါက်တာ မေသန်းနွယ် — စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

စာမျက်နှာ ၂၅ သို့

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၂၅ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (င) နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဆ) နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းလာသည့် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဦးစီးအဖွဲ့ဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးလှထွန်း | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၂) | ဦးအာကာလင်း | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၃) | ဦးခွန်ဖိုးစိန် | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |

(ပုံ)မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၂၆ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ၊ ပုဒ်မခွဲ (င) နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀ ၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကချင်ပြည်နယ်**

| | | |
|---|---|---|
| (က) | ဦးစိုးသိန်း | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ခ ) | ဦးတင်အောင် | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ဂ ) | ဦးလီပေါ်ရဲ့ | လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ဃ) | ဦးမယစ်ယောရှု | ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၂) **ကယားပြည်နယ်**

| | | |
|---|---|---|
| (က) | ဒေါ်ခင်သန္တာထွန်း | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၃) **ကရင်ပြည်နယ်**

| | | |
|---|---|---|
| (က) | ဦးတင်မောင်လှိုင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ခ ) | ဦးမျိုးမြင့်နိုင် | မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ဂ ) | ခွန်မြတ်ထူး | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၄) **စစ်ကိုင်းတိုင်းဒေသကြီး**

| | | |
|---|---|---|
| (က) | ဦးစိန်ဖေ | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ခ ) | ဦးငွန်ဘွလ်ထန် | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၅) **တနင်္သာရီတိုင်းဒေသကြီး**

| | | |
|---|---|---|
| (က) | စောမာတင်လှုသာ | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၆) **ပဲခူးတိုင်းဒေသကြီး**

| | | |
|---|---|---|
| (က) | စောလင်းအောင် | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၇) **မကွေးတိုင်းဒေသကြီး**

| | | |
|---|---|---|
| (က) | ဦးထွန်းခင် | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၈) **မန္တလေးတိုင်းဒေသကြီး**

| | | |
|---|---|---|
| (က) | စိုင်းအောင်ကြည် | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၉) **မွန်ပြည်နယ်**

| | | |
|---|---|---|
| (က) | ဦးမျိုးမင်းလှိုင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ခ ) | ဦးအောင်ကျော်သိန်း | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ဂ ) | ဦးချစ်သိန်း | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၁၀) **ရခိုင်ပြည်နယ်**

| | | |
|---|---|---|
| (က) | ဦးတင်လှ | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၁၁) **ရန်ကုန်တိုင်းဒေသကြီး**

| | | |
|---|---|---|
| (က) | စောဂျက်ကော့ထူး | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ခ ) | ဦးနေမင်းထွန်း | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၁၂) **ရှမ်းပြည်နယ်**

| | | |
|---|---|---|
| (က) | ဒေါ်ခင်ထွေးအောင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ခ ) | ဦးကိန်မိုင် | ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ဂ ) | ဒေါ်ငွေလှိုင် | လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ဃ) | ဦးဝီလ်ဆင်မိုး | လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( င ) | ဒေါ်တင်တင်ရီ | အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( စ ) | ဦးထွန်းအောင် | အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ဆ) | ဒေါ်အေးချိုစိန် | ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(၁၃) **ဧရာဝတီတိုင်းဒေသကြီး**

| | | |
|---|---|---|
| (က) | မန်းသိန်းကျော် | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ( ခ ) | ဦးစိုးညွန့် | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

(ပုံ)မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာမျက်နှာ ၂၄ မှအဆက်

| | | |
|---|---|---|
| ( ဂ ) | ဦးဗိုလ်ငွေး | လူမှုရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးနေလင်းထွန်း | ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေး ဝန်ကြီးဌာန |
| ( င ) | ဒေါက်တာ မျိုးသော် | လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန |
| ( စ ) | ဒေါက်တာ ထူးမောင် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ဆ) | ဦးစိုးဦး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| ( ဇ ) | ဦးမျိုးမြင့်အောင် | စည်ပင်သာယာရေးဝန်ကြီးဌာန |

(၁၃) **ရှမ်းပြည်နယ်**

| | | |
|---|---|---|
| (က) | ဗိုလ်မှူးကြီး စိန်ဝင်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာ လဆိုင်း | စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ( ဂ ) | ဒေါ်နန်းခမ်းလှု | လူမှုရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးခွန်သန်းထူး | လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန |
| ( င ) | ဦးလင်းအောင်ဆွေ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ( စ ) | စိုင်းဝမ်းလှိုင်းတစ်ပ် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| (ဆ) | ဦးခွန်ထွန်းဖြူ | စည်ပင်သာယာရေးဝန်ကြီးဌာန |

(၁၄) **ဧရာဝတီတိုင်းဒေသကြီး**

| | | |
|---|---|---|
| (က) | ဗိုလ်မှူးကြီး စိုးမင်းဦး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ( ခ ) | ဦးအောင်စန်းချစ် | စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ( ဂ ) | ဦးခင်မောင်ကြည် | လူမှုရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးကျော်ထွန်းဇော် | လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန |
| ( င ) | ဦးကျော်မျိုးတင် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ( စ ) | ဒေါ်မေသန်းဦး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| (ဆ) | ဦးမောင်မောင်ဦး | စည်ပင်သာယာရေးဝန်ကြီးဌာန |

(ပုံ)မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၂၇ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က သဘောတူညီသည့် အောက်ပါ ပုဂ္ဂိုလ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကချင်ပြည်နယ်**
- (က) ဦးအောင်မြင့်
- (ခ) ဒေါ်ပြုံးပြုံးကြည်
- (ဂ) ဒေါ်ခင်ပြုံးရီ

(၂) **ကယားပြည်နယ်**
- (က) ဒေါ်ချယ်ရီခင်
- (ခ) ဒေါ်သိန်းသိန်းနှင်း

(၃) **ကရင်ပြည်နယ်**
- (က) ဒေါ်ခင်စိမ်းဝင်း
- (ခ) ဒေါ်နွဲ့နွဲ့ဦး

(၄) **ချင်းပြည်နယ်**
- (က) ဒေါ်မန်ဟောက်ချွန်
- (ခ) ဦးကျော်သောင်းအောင်

(၅) **စစ်ကိုင်းတိုင်းဒေသကြီး**
- (က) ဦးဟန်သိန်း
- (ခ) ဒေါ်မိမိစိန်
- (ဂ) ဦးခင်မောင်မြင့်

(၆) **တနင်္သာရီတိုင်းဒေသကြီး**
- (က) ဒေါ်အေးအေးသန်း
- (ခ) ဒေါ်ရင်ရင်သန်း

(၇) **ပဲခူးတိုင်းဒေသကြီး**
- (က) ဒေါ်အေးအေးသန့်
- (ခ) ဒေါ်ခင်အုန်းတင့်
- (ဂ) ဒေါက်တာ ဇော်ဝင်းထွန်း
- (ဃ) ဦးသန့်ဇော်သန်း

(၈) **မကွေးတိုင်းဒေသကြီး**
- (က) ဒေါ်ခင်နှင်းထွေး
- (ခ) ဦးထွန်းထွန်းအောင်
- (ဂ) ဒေါ်မာလာ

(၉) **မန္တလေးတိုင်းဒေသကြီး**
- (က) ဦးမြင့်ဆန်း
- (ခ) ဒေါ်ခင်စန်းမြင့်
- (ဂ) ဒေါ်ကြည်ကြည်စိန်း
- (ဃ) ဒေါ်ခင်သစ်ဆွေ
- (င) ဦးသန်းထွန်းအောင်
- (စ) ဦးစောမျိုးမျိုး

(၁၀) **မွန်ပြည်နယ်**
- (က) ဒေါ်ညိုမိစံ
- (ခ) ဒေါက်တာ အောင်သီဟ
- (ဂ) ဒေါ်ခိုင်ခိုင်မျိုး

(၁၁) **ရခိုင်ပြည်နယ်**
- (က) ဦးအောင်ထွန်းသိန်း
- (ခ) ဒေါ်စောရွှေ

(၁၂) **ရန်ကုန်တိုင်းဒေသကြီး**
- (က) ဦးကျော်စွာငြိမ်း
- (ခ) ဒေါ်ထားထား
- (ဂ) ဒေါ်နုနုခင်
- (ဃ) ဦးကျော်ကျော်
- (င) ဒေါ်မာလာထွေး
- (စ) ဦးသောင်းထွေး

(၁၃) **ရှမ်းပြည်နယ်**
- (က) ဒေါ်စန္ဒာအောင်
- (ခ) ဦးအောင်မော်
- (ဂ) ဒေါ်သူဇာအောင်

(၁၄) **ဧရာဝတီတိုင်းဒေသကြီး**
- (က) ဒေါ်ယဉ်ယဉ်ဟန်
- (ခ) ဦးဝင်းမြိုင်
- (ဂ) ဒေါ်ခင်စန်းဝင်း
- (ဃ) ဒေါက်တာ အောင်ထွန်းလင်း

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၂၈ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါက်တာ ရီအေး
(၂) ဦးတင်မြင့်
(၃) ဒေါက်တာ လှညွန့်
(၄) ဒေါက်တာ ဇော်ဦး
(၅) ဒေါက်တာ ဖြူဖြူအိ

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၂၉ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော "အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်" ကို ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစိုးသိန်း | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဝင်းသိန်း | အဖွဲ့ဝင် |
| (၃) | ဒေါက်တာ ထွန်းထွန်းဦး | အဖွဲ့ဝင် |
| (၄) | ဦးတိုးရီ | အဖွဲ့ဝင် |
| (၅) | ဦးဝင်းဇော်မိုး | အဖွဲ့ဝင် |
| (၆) | ဦးတင်အောင်ဝင်း | အဖွဲ့ဝင် |
| (၇) | ဦးလွန်းဘော် | အဖွဲ့ဝင် |
| (၈) | ဦးကျော်စိုးညွန့် | အဖွဲ့ဝင် |
| (၉) | ဦးမင်းဟန် | အဖွဲ့ဝင် |

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၃၀ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့အရ အောက်ပါပုဂ္ဂိုလ်များပါဝင်သော **"မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်"** ကို ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

(၁) ဦးသစ်လင်းအုန်း ဥက္ကဋ္ဌ
(၂) ဒေါက်တာ မြင့်သူမြိုင် အဖွဲ့ဝင်
(၃) ဦးဝင်းလှိုင်ဦး (ခ) ကုန်ဇမှုန်း အဖွဲ့ဝင်
(၄) ဦးသန်းဝင်း အဖွဲ့ဝင်
(၅) ဦးတင်ကိုကို အဖွဲ့ဝင်
(၆) ဦးအုန်းခိုင် အဖွဲ့ဝင်
(၇) ဒေါက်တာ နုနုရီ အဖွဲ့ဝင်
(၈) ဒေါ်စန္ဒာ အဖွဲ့ဝင်
(၉) ဒေါက်တာ ဆွေဆွေအောင် အဖွဲ့ဝင်
(၁၀) ဒေါက်တာ တင်ငွေးအိ အဖွဲ့ဝင်
(၁၁) ဒေါက်တာ ဥမ္မာကျော် အဖွဲ့ဝင်

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၃၁ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် ဖွဲ့စည်းခြင်း**

အာကာသသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် ဥပဒေပုဒ်မ ၄ အရ အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော **"အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်"** ကို ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

(၁) ဦးမြတ်ဟိန်း ဥက္ကဋ္ဌ
(၂) ဦးသော်လွင် အဖွဲ့ဝင်
(၃) ဦးမင်းလွင် အဖွဲ့ဝင်
(၄) ဒေါက်တာ ခင်သန်းယု အဖွဲ့ဝင်
(၅) ဒေါက်တာ ကြည်စိုး အဖွဲ့ဝင်

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြို့တော်ဝန်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၃၂ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**မြို့တော်ဝန်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) တို့အရ အောက်ပါပုဂ္ဂိုလ်များအား မြို့တော်ဝန်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမျိုးမြင့်အောင် ရန်ကုန်မြို့တော်ဝန်
(၂) ဦးခင်မောင်အေး မန္တလေးမြို့တော်ဝန်

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၃၄ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိုးလှိုင် အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ပူးတွဲတာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၃၃ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ပူးတွဲတာဝန်ပေးအပ်ခြင်း**

နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင် အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ ခန့်ထား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၃၅ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ ခန့်ထားခြင်း**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥပဒေပုဒ်မ ၃ အရ အောက်ပါပုဂ္ဂိုလ်များအား နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များအဖြစ် ခန့်ထားလိုက်သည်-

(၁) ဦးခွန်နေထွန်းဦး ကော်မတီဝင်
(၂) ဦးမိုးကျော် ကော်မတီဝင်
(၃) ဦးကျော်ကျော်အောင် ကော်မတီဝင်

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# မန္တလေးမြို့ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုတို့ကို ဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုအားပေး



**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျုံးပတ်လည်တစ်လျှောက် လမ်းလျှောက်သင်္ကြန် မဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ဈေးဆိုင်ခန်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်း ၂၆လမ်း ၆၆လမ်းမှ လမ်း ၈၀၊ ကျုံးအနောက်ဘက်ခြမ်း လမ်း၈၀ ၂၆လမ်းမှ ၁၂လမ်း၊ ကျုံးမြောက်ဘက်ခြမ်း ၁၂လမ်း လမ်း၈၀ မှ ၆၆လမ်း၊ ကျုံးအရှေ့ဘက်ခြမ်း ၆၆လမ်း ၁၂လမ်းမှ ၂၆လမ်းအတွင်း ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ဈေးဆိုင်ခန်းများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများ၊ လာရောက်ရေကစားကြမည့်ပြည်သူများ ရေလုံလောက်စွာဖြင့် ပျော်ရွှင်စွာပက်ဖျန်း ကစားနိုင်ရန်အတွက် စွမ်းအင်ချွေတာခြင်း အစီအစဉ်တစ်ရပ်အနေဖြင့် ဆိုလာများ တပ်ဆင်၍ဆိုလာပန့်အသုံးပြုဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ယနေ့ညနေပိုင်းတွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ဝတ်စုံပြည့်အစမ်း လေ့ကျင့်ခြင်းကို ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ရှေ့တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားဝတ်စုံပြည့် အစမ်းလေ့ကျင့်ရာ၌ ဖွင့်ပွဲအစီအစဉ်ပါ အတိုင်း နေရာအသီးသီးယူကြပြီး ခရုသင်းမှုတ်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသူများအပါအဝင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)နှင့် မန်းစည်ပင်တို့မှ ယိမ်းအကအဖွဲ့များ စုစုပေါင်း ဦးရေ ၉၀၀ တို့က အနုပညာဦးစီးဌာန မန္တလေးဌာနခွဲမှ မင်္ဂလာစည်တော်၊ ဆိုင်းအဖွဲ့တို့နှင့် တွဲဖက်၍ သင်္ကြန်အဖွင့်သီချင်း၊ သင်္ကြန်ယိမ်းအကတို့ဖြင့် ကပြဖျော်ဖြေခြင်း များကို ဝတ်စုံပြည့်ဖြင့်ဆောင်ရွက်ခဲ့ကြပြီး ဝင်းခင်းအဖွဲ့၏ သရုပ်ဖော်တင်ပြသခြင်း၊ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ မျက်မှောက်ခေတ်တို့ကို ကိုယ်စားပြုသော ခေတ် ခြောက်ခေတ် သမီးပျိုများက အလှပြလှည်းယဉ်များဖြင့် ဂါရဝပြု သရုပ်ဖော်ပြသခြင်း၊ အကအဖွဲ့တစ်ဖွဲ့လျှင် ဦးရေ ၅၀ ပါ အတာအိုးနှင့် လှပျိုဖြူများအကအဖွဲ့၊ ငွေဖလားနှင့်ပန်းပိတောက်ပျိုအကအဖွဲ့၊ မြူးကြွဟန်ပန်နွေမတို့သင်္ကြန် အကအဖွဲ့၊ ပဝါအလှနှင့် သင်္ကြန်မယ်အကအဖွဲ့၊ အိမ်တော်ရာထီးအလှ မန်းကေသီအက အဖွဲ့၊ သနပ်ခါးဖြူဖြူ မန္တလာသူအကအဖွဲ့၊ လက်ဖက်အုပ်ကိုယ်စီ မန်းပျိုမဒီအက အဖွဲ့၊ စက်ဘီးလေးနဲ့ မန္တလာသူအဖွဲ့ စုစုပေါင်း အကအဖွဲ့ ရှစ်ဖွဲ့မှ ဖြတ်သန်း ဂါရဝပြု ဖျော်ဖြေတင်ဆက်ခြင်း၊ မြို့မ ငွေငန်းအလှပြယာဉ်က မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်း ဂါရဝပြုဖျော်ဖြေခြင်းနှင့် ကျောင်းသူလေးများက မြို့မငွေငန်းအလှပြယာဉ် ကိုဝိုင်းပတ်၍ ပြန်လည်ဖျော်ဖြေ တင်ဆက်ခြင်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ တာဝန်ရှိသူများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်ဦးတရားပွဲတော် ကျင်းပမည်




**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်ဦးတရားပွဲတော်ကို ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် (မေ ၁၇ရက်) သောကြာနေ့ ညနေ၆ နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် အတုမရှိကျောင်းတော်ကြီးတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ နှစ်သစ်ကူးတရားပွဲတွင် မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေး ချီးမြှင့်ဟောကြားတော်မူမည်ဖြစ်သဖြင့် မန္တလေးမြို့တော်သူ၊ မြို့တော်သားများ တရားတော်နာ ကြွရောက်ကြပါရန် မန္တလေးတိုင်းဒေသကြီး နှစ်ဦးတရားပွဲတော် ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။**ရွှေမန်း**

## အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လမ်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မေ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(ပြ၀၁)

## ထူးခြားသည့် နေ့အပူချိန်များ

(၁၁-၄-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ရွှေကျင် | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| သိမ်ဇရပ် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဖောင်းတူ | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်း | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဇလွန် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ဟင်္သာတ | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် မေ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)


သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်း အကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့



ဝတ္ထုတိုကလျာ

# ဘဝ၏ နိဂုံးများ

**ပိုင်ဆု (ပညာရေး)**

( ၁ )

စိတ်ထဲတွင် ဖြစ်ပေါ်လာသော အလိုမကျခြင်းများနှင့်အတူ ဆိုင်ကယ်အရှိန်ကို အစွမ်းကုန်မြှင့်လိုက်သည်။

"ဟဲ့ ကောင်လေး ဖြည်းဖြည်းလုပ်ပါကွဲ့"

သူ၏ သုံးဘီးဆိုင်ကယ်ပေါ်တွင် ပါလာသော ခရီးသည် အဒေါ်ကြီး၏ သတိပေးသံကြောင့် အသိပြန်ဝင်လာပြီး အရှိန်ကိုပြန်လျှော့လိုက်သည်။ ထို့နောက် အဒေါ်ကြီးအား လိုက်ပို့ပေးရမည့်နေရာတွင် ချပေးလိုက်သည်။ သူလည်း သုံးဘီးဆိုင်ကယ်ကို အရှိန်ကုန်ဖြင့်ပြန်မောင်းလာပြီး ဂိတ်တွင်နေရာဝင်ထိုးလိုက်သည်။

"ဟာ ကြည်လင်း ဖြည်းဖြည်းမောင်းပါကွ၊ မင်းကလဲ မသိရင် ကမ္ဘာပျက်လာတာကျနေတာပဲ"

ဂိတ်မှ ကိုဖိုးမောင်၏ စကားသံကိုကြားသော်လည်း သူ ဘာမျှပြန်မပြောဖြစ်ခဲ့ပေ။ ဂိတ်နှင့် မလှမ်းမကမ်းတွင်ရှိသော ကုက္ကိုပင်အောက်ရှိ ခုံတန်းလေးသို့သွားပြီး စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်တော့သည်။ ထို့နောက် လွယ်အိတ်ထဲတွင် အသင့်ပါလာသော အရက်ပုလင်းကိုထုတ်ယူပြီး မော့ချလိုက်သည်။ မူးသွားလျှင် အဖြစ်အပျက်တချို့ကို မေ့သွားမည်ဟု ထင်ထားပေမဲ့ ထိုအဖြစ်အပျက်တချို့က သူ၏ အသိစိတ်ထဲတွင် အစီအစဉ်တကျဖြင့် ပြန်လည်ထင်ဟပ်လာပြန်သည်။ ထို့ကြောင့်ပင် ပို၍မူးသွားအောင်ဆိုပြီး နောက်တစ်ကြိမ် ထပ်မံမော့ချလိုက်တော့သည်။

( ၂ )

"အိမ်ထဲဝင်လာတာနဲ့ အရက်နံ့ကပါလာပြီ၊ ကျက်သရေကို မရှိဘူး"

အိမ်ထဲသို့ ခြေသံခပ်ဖွဖွဖြင့် ဘယ်သူမှမသိအောင် ဝင်ခဲ့သော်လည်း အခန်းထဲမှ အမေ၏တီးတိုးပြောသံသည် သူ၏နားထဲသို့ အတိုင်းသား ဝင်ရောက်လာခဲ့သည်။ မသိချင်ယောင်ဆောင်၍ အမေ့ကိုသူနှုတ်ဆက်လိုက်တော့သည်။

"အမေ ကျွန်တော် ပြန်ရောက်ပါပြီ"

"အေး"

အမေ့အသံသည် ချိုမြိန်မှုမရှိသော်လည်း သူ့အတွက်တော့ ထူးဆန်းသည့်ဖြစ်ရပ်မဟုတ်တော့ပေ။ အရာအားလုံးကို လိုက်၍ခံစားနေလျှင် ဘယ်သောအခါမှ ပြီးမသွားသော ပန်းချီကားတစ်ချပ်ကို ဆွဲနေသကဲ့သို့ဖြစ်မည်စိုးသောကြောင့် သူ၏ခံစားချက်များကို လျစ်လျူရှုလိုက်ပြီး အခန်းတွင်းသို့ ဝင်ခဲ့လိုက်တော့သည်။

"ကိုကြည်လင်း ထမင်းစားတော့မလား"

"မစားသေးပါဘူး မိန်းမရာ"

"မစားသေးဘူး မစားသေးဘူးနဲ့ မစားဖြစ်တာ ဘယ်လောက်ကြာပြီလဲ ကိုကြည်လင်းရယ် အရက်မသောက်နဲ့လို့ ကျွန်မ မပြောပါဘူး။ ဒါပေမဲ့ နည်းနည်းတော့ လျှော့သောက်ပေါ့ရှင်"

မိန်းမဖြစ်သူ ကေသွယ်၏ ပြောစကားသည်မှန်နေသောကြောင့် သူဘာမျှဆက်မပြောဘဲ သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်သည်။ ထို့နောက် အခန်းထဲရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ပြီး မျက်လုံးကို မှိတ်ပစ်လိုက်သည်။ အိပ်ပျော်မည်မဟုတ်မှန်းသိသော်လည်း အရာအားလုံးကို ခေတ္တမေ့ပျောက်လျှင် သူ့အတွက်အဆင်ပြေသည်။ ထို့ကြောင့် ခုံပေါ်တွင်တင်ထားသော လွယ်အိတ်ထဲမှ ပုလင်းကိုထုတ်ယူလိုက်သည်။ ပုလင်းထဲတွင် ဘာမှမရှိတော့သည့်အတွက်ကြောင့် စိတ်ပျက်စွာ ပြန်လည်မေးလိုက်တော့သည်။

"ကိုကြည်လင်း"

"ပြောလေ ကေသွယ်"

"ရှင့်ရဲ့ခံစားချက်တွေက ဘယ်တော့မှ အဆုံးသတ်မှာလဲ ကိုကြည်လင်းရယ် အရာအားလုံးက ကျွန်မတို့ ရှင်တို့ ဖြစ်ချင်တဲ့အတိုင်း ဖြစ်ခွင့်မှမရှိတာ သူ့အစီအစဉ်တကျ ကံတရားအတိုင်းဖြစ်လာရတာလေ။ အဲဒီအတိတ်တွေထဲက ရုန်းထွက်ပြီး အကောင်းဆုံးပြန်ရှင်သန်ပါလား ကိုကြည်လင်းရယ်"

"ကေသွယ် မင်းပြောတာမှန်ပါတယ်။ ဒါပေမဲ့ ငါ အရက်သောက်တယ်၊ အဲဒီအတိတ်တွေကိုမေ့ချင်လို့။ ငါသောက်တာမှန်ပါတယ်။ ဒါပေမဲ့ ငါ့အလုပ်ငါလုပ်တယ်။ သုံးဘီးဆွဲပြီး ငါတတ်နိုင်သလောက်ရှာတယ်။ ငါ အရက်သောက်တယ်ဆိုပေမဲ့ အဖေနဲ့အမေ၊ ပြီးတော့ မင်း၊ နောက်ပြီး သမီးလေး၊ အေး အားလုံးကို ထိခိုက်အောင် အရှက်ရအောင် ငါဘာမှမလုပ်ခဲ့ပါဘူး။ အရက်သောက်တာတစ်ခုအတွက်နဲ့ ငါ့ရဲ့ဘဝကို တိုင်းတာပြီး ထင်ကြေးတပ်ပုံစံသတ်မှတ်နေတာကို ငါက ဝမ်းနည်းတာဟ။ အရက်သောက်ပေမဲ့ ငါ မယုတ်မာဘူး၊ မရမ်းကားပါဘူး ကေသွယ်ရာ"

ပြောနေရင်းနှင့် သူ၏မျက်ရည်များ စီးကျလာသည်။ ထို့အတူပင် ကေသွယ်၏ မျက်ဝန်းအိမ်တွင်လည်း မျက်ရည်စများ ပြည့်နှက်နေသည်ကို မြင်တွေ့လိုက်ရသည်။ ထို့ကြောင့်ပင် ဆက်မပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်တော့သည်။

( ၃ )

"အမေ ကျွန်တော်ဂိတ်သွားလိုက်အုံးမယ်"

"နင်ဂိတ်သွားတဲ့ အချိန်ကြည့်၊ နေဖင်ထိုးနေပြီ။ နင့်အဖေတောင် မိုးမလင်းခင်ကတည်းက ထွက်သွားပြီ"

မည်သည့် ဆင်ခြေမှ မပေးတော့ဘဲ ဆိုင်ကယ်မောင်းပြီး ထွက်ခဲ့လိုက်တော့သည်။ အမေပြောသလိုပင် နေအတော်မြင့်သည်မှာလည်း မှန်ပါသည်။ မျက်နှာပေါ်ထင်ဟပ်နေသော နေပူရှိန်ကြောင့် နေကာမျက်မှန်ကို ထုတ်တပ်လိုက်သည်။ သူကတော့ သဘောရိုးအတိုင်း မျက်မှန်တပ်ပေမဲ့ ထိုအချက်ကြောင့်ပင် ဂိတ်မှလူတချို့က သူ့ကိုဆိုဒ်ပိဟု လှောင်ပြောင်ခေါ်ဆိုနေကြသည်ကို သူသိသည်။

အမှန်တော့ သူ၏ဘဝသည် ရွှေရောင်တောက်ပသည့် နေ့စွဲများစွာကို ပိုင်ဆိုင်ခဲ့ရသည်။ ထိုအချိန်က အားလုံး၏အလေးထားမှု၊ အရေးပေးမှုများကြား သူ၏ ဘဝသည် လင်းလက်ခဲ့ရသည်။ ကံတရားသည် အမြဲတမ်း တစ်သမတ်တည်း မဟုတ်သည့် သဘောတရားအတိုင်း သူတို့အိမ် ဖောက်ထွင်းခံခဲ့ရာမှ အရာအားလုံးသည် ပြောင်းပြန်အတိုင်း စီးဆင်းခဲ့ရတော့သည်။ ယခင်ကရခဲ့တဲ့ အလေးပေးခံရမှုများသည် ပြင်ပလောကတွင်သာမက မိသားစုတွင်းဆီကပါ ပြယ်လွင့်သွားခဲ့ရသည်။ ထိုအချိန်ကစပြီး အရက်ဆိုသောအရာနှင့် အရင်းနှီးဆုံးဖြစ်ခဲ့ရတော့သည်။

"ညီလေး ဆိုင်ကယ်အားလား"

တစ်စုံတစ်ယောက်၏ အသံကြားမှသာ သူ၏ အတွေးစများ ပြတ်တောက်သွားခဲ့ရသည်။ လာရောက်မေးမြန်းသူကို ကြည့်လိုက်သောအခါ သူ့သမီး၏ အတန်းပိုင်ဆရာ ဆရာပြည့်စုံ ဖြစ်နေသည်ကိုတွေ့လိုက်ရသည်။ ဆရာသည် သူ့အား သိဟန်မတူပေ။

"အားတယ်ဆရာ ဘယ်သွားချင်လို့လဲဗျ"

"ဆေးရုံဘက် သွားချင်လို့ပါ၊ ဘယ်လောက်ပေးရမလဲ"

"ဟာ ဆရာရယ် ကျွန်တော်က ဆရာ့အတန်းက မိုးမိုးလေးရဲ့ အဖေပါ၊ မပေးပါနဲ့ဗျာ ကျွန်တော်လိုက်ပို့ပေးပါမယ်"

"မဟုတ်တာညီလေးရာ၊ ဘယ်လောက်လဲပြောပါ။ အလကားဆိုရင် အစ်ကိုလဲ မစီးတော့ဘူး။ လိုင်းကားနဲ့ပဲ သွားတော့မယ်"

"ဒါဆိုရင်လဲ ဆရာအဆင်ပြေသလို ပေးဗျာ၊ ကဲ တက်ဆရာ"

ပိုက်ဆံမယူရင် ဆရာသည် စီးတော့မည်မဟုတ်သောကြောင့် အဆင်ပြေအောင်ပြောပြီး လိုက်ပို့ပေးရန် ပြင်ဆင်လိုက်ရတော့သည်။

( ၄ )

ကယ်ရီခ ၂၀၀၀ ပေးပြီး နှုတ်ဆက်ထွက်ခွာသွားသော ဆရာ၏ကျောပြင်ကို ငေးကြည့်ကာ သက်ပြင်းချလိုက်မိသည်။ တစ်ခါတစ်ရံ လောကကြီးသည် မထင်မှတ်ထားသော အရာများကို ဖန်တီးတတ်သည်မှာ သူ့အတွက်မဆန်းတော့ပေမဲ့ ဆရာဆီက သိခဲ့ရသော အရာများသည် သူ့အတွက် အံ့သြမှင်တက်ဖြစ်ခဲ့ရသည်။ ဆရာက ကယ်ရီခပေးပြီး ထွက်သွားပေမဲ့ ဆရာဆေးရုံက ပြန်ထွက်လာလျှင် လိုက်ပို့ပေးရန်အတွက် ဆေးရုံဂိတ်ဝက အရိပ်ရသစ်ပင်တစ်ပင်အောက်တွင် ဆိုင်ကယ်ရပ်ရင်း စောင့်နေခဲ့သည်။ ထိုသို့ စောင့်နေရင်းနှင့်ပင် ဆရာနှင့် ဆိုင်ကယ်ပေါ်တွင်ပြောခဲ့သော စကားများကို ပြန်လည် တွေးမိတော့သည်။

"ညီလေး မင်းသောက်ထားတာလား"

ဆရာ့၏စကားကြောင့် ဆိုင်ကယ်မောင်းနေရင်းနှင့်ပင် အားနာမှုဖြစ်ခဲ့ရသည်။ အမှန်တော့ သူကိုယ်တိုင်လည်း သောက်ထားသည်မှာ အတော်များနေပြီဖြစ်သည်။

"ဟုတ် ဟုတ်ကဲ့ သောက်ထားပါတယ်။ ဒါပေမဲ့ ကျွန်တော် အဆင်ပြေပါတယ်ဆရာ။ အရက်သောက်ပေမဲ့ ကျွန်တော် လူကောင်းတစ်ယောက်ပါလို့ မပြောချင်ပေမဲ့ ဘယ်သူမှတော့ မထိခိုက်စေခဲ့ပါဘူး ဆရာ"

"သိပါတယ်ညီလေးရာ၊ အရက်သောက်တယ်ဆိုပေမဲ့ အသိပျောက်တာမှမဟုတ်တာ။ အရက်သောက်တဲ့သူတိုင်း ကယ်ရီမောင်းတဲ့သူတိုင်း နောက်ပြီး ရှင်းရှင်းပြောရရင် လမ်းဘေးမှာ အလုပ်လုပ်တဲ့သူတိုင်း အကျင့်စာရိတ္တ ပျက်ပြားနေတာမှမဟုတ်တာ။ ဝတ်ကောင်းစားကောင်းတွေနဲ့ တိုက်တွေကားတွေနဲ့ နေပြီး အကျင့်စာရိတ္တ အောက်တန်းကျနေသူတွေလဲ လောကမှာ အများကြီးပါညီလေးရာ"

"ဆရာပြောတာမှန်ပါတယ်။ ဒါပေမဲ့ လူတွေက သူတို့သတ်မှတ်ချင်တဲ့အတိုင်းသတ်မှတ်ကြတာလေ"

"သူတို့ရဲ့သတ်မှတ်မှုက ကိုယ့်ရဲ့ဖြစ်တည်မှုမှ မဟုတ်တာညီလေးရာ အရက်သောက်တာကို အဆင့်အတန်းတစ်ခုလို့ သတ်မှတ်ရင် အစ်ကိုလဲ လူတွေသတ်မှတ်တဲ့ဘောင်တစ်ခုထဲကလူ ဖြစ်သွားမှာပေါ့ကွာ"

"ဗျာ... ဘယ်လို... ဆရာက..."

"ဟုတ်တယ်ညီလေး အစ်ကိုလဲလူထဲကလူပဲ။ ကျောင်းဆရာ အရက်မသောက်၊ ဆေးလိပ်မသောက်ရဘူးလို့ သတ်မှတ်ထားတာမှမဟုတ်တာ။ ဒါပေမဲ့ ကိုယ့်ရဲ့အလုပ်ချိန်နဲ့ နေရာဒေသပေါ်မူတည်ပြီးတော့ ရှောင်ရတာပေါ့ညီလေးရာ"

ဆရာသည် ကျောင်းတွင် အများ၏ချစ်ခင်လေးစားမှုကို ရရှိထားသူဖြစ်သည်။ ဆရာ၏ စကားများသည် သူ့အတွက် ဆန်းကြယ်နေသည့်အပြင် အသိတရားများလည်း ရရှိခဲ့ရသည်။ သို့သော် ဆရာ၏ အသံတွင် ကြေကွဲအရိပ်အယောင်များပါနေသည်ကို သတိထားမိသည်။

"ဆရာ့ကြည့်ရတာ ခံစားမှုတစ်ခုခု ရှိသလိုလိုပဲ၊ ကျွန်တော့်စကားမှားသွားရင် တောင်းပန်ပါတယ်ဗျာ"

"ဩော်... ခံစားမှုမရှိရင် လူဘယ်ဟုတ်တော့ပါ့မလဲလေ အဲဒီခံစားမှုတွေ မေ့ပျောက်အောင်ဆိုပြီး စိတ်ဖြေတဲ့အနေနဲ့ မူးတဲ့အရာကို သောက်ကြတယ်။ မူးလာရင် မေ့သွားမလားဆိုပြီး သောက်ရာကနေ ပိုမူးလာလေ နာကျင်စရာတွေက ပိုပြီးရုပ်လုံးပေါ်လာလေပဲ။ ဒါကြောင့် ကိုယ့်ဘဝကိုနိဂုံးဖြစ်အောင် ဒီလောက်နဲ့ပဲ အဆုံးသတ်လိုက်တယ်"

"နိဂုံးဖြစ်အောင် အဆုံးသတ်တယ်။ ဟုတ်လား ဘယ်လိုမျိုးလဲ ဆရာ"

"ခုနပြောသလိုပေါ့ အရက်သောက်တိုင်း လူအထင်သေးစရာမလိုဘူးဆိုပေမဲ့ အလွန်အကျွံဖြစ်သွားတဲ့အခါဆိုရင်တော့ လူတွေသတ်မှတ်တဲ့ ဘောင်ထဲကိုဝင်သွားမှာပေါ့ ညီလေးရာ။ ဒါကြောင့် ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကို **စာမျက်နှာ ၃၀ သို့ á**

# မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် စပါး ဧက ၁၉၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"နွေသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ စပါး ဧက ၁၉၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၄၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် စိုက်ပျိုးရေးဆိုင်ရာနည်းပညာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်း၊ ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးခေါင်းပွပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးခေါင်းပွ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ငါးခေါင်းပွပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လတစ်လအတွင်း ငါးခေါင်းပွ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများ အပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ဘက်ကနေ ငါးခေါင်းပွတွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့မတ်လက ရန်ကုန်ဈေးကွက်ကို ငါးခေါင်းပွ ပိဿာချိန် ၅၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရတာဖြစ်ပါတယ်။ ဒေသဈေးကွက်မှာကို ငါးခေါင်းပွက ဝယ်ယူမှုအားကောင်းနေတာပါ။ ဒါ့ကြောင့် ပွဲရုံပိုင်ရှင်တွေနဲ့ ရေလုပ်သားတွေ အဆင်ပြေနေပါတယ်''ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးခေါင်းပွ ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးခေါင်းပွများ တင်ပို့ရောင်းချလာရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# လှပနေတဲ့ တန်ခူးမေ

\- မြနန္ဒာ တေးတစ်ပုဒ်ရယ်နဲ့
နှုတ်ဆက်တဲ့ တန်ခူးမေ၊
တံခွန်ပမာ သကြ်န်မိုးက
မွန်ကညာ ဟန်တစ်မျိုးနဲ့
ဖြိုးသွန်းလို့ ဇွေ၊
ပိတောက်ပန်း တဝေဝေ
အလှတွေ ရွက်ကုန်ဖွင့်၊
အသန့်ပြိုင် ရှင်းရှင်းလေး
ရနံ့လှိုင် သင်းသင်းမွှေးက
လေအေးနဲ့ လွင့်။

\- မြန်မာဆန် အလှတစ်ပွင့်နဲ့
သနပ်ခါးဆင့် ပါးထက်ဝယ်၊
စိန်ရွှေမဆင် သူ့ပုံက
ဣန္ဒြေရှင် နဂုဏ်တစ်စနဲ့
လှပတင့်တယ်၊
မိုးပေါ်က နတ်မိမယ်
ပုံစံနွယ် ထင်မှတ်မှား၊
ရေစ စိုပြီ
ကြွေရ ကိုယ်စီနဲ့
နွေပန်းချီ တလဲ့လဲ့ရယ်ဖြင့်
ကွန်းဖွဲ့ကာ နန်းဆောင်အသုံးလိုပ
ရွှန်းလဲ့ဖြာ ပန်းရောင်အပြုံးနဲ့
(သူ့အလှဘွဲ့ကို..)
နှောင်ထုံးလို့ထား။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

# ပေါင်းတည်မြို့နယ် ပျဉ်ပုံကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် ဧပြီ ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်ပုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ( VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၁ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များက ပျဉ်ပုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၉ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ၁ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသူ၊ အသင်းသား ၈၂ ဦးကို ရန်ပုံငွေကျပ် ၂၁ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

á စာမျက်နှာ ၂၉ မှအဆက်

ကိုယ့်အတွက် အဆင်ပြေရုံ စိတ်ပြေရုံလောက်နဲ့ပဲ အဆုံးသတ်နိဂုံးချုပ်လိုက်ပြီး ဒီထက်ဆိုးလာမဲ့အကြောင်းတရားတွေ မဖန်တီးတာအကောင်းဆုံးပေ့ါညီလေးရာ ဒါနဲ့ ညီလေးနာမည်က"

"ကျွန်တော့်နာမည်က ကြည်လင်းပါ အစ်ကို၊ သြော်… ကန်တော့ ကန်တော့ ဆရာ "

"ဘယ်လိုခေါ်ခေါ် ရပါတယ်။ ညီလေးမှာလဲ နာကျင်စရာတွေရှိမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ နာကျင်စရာတွေပြေပျောက်ရုံလောက်နဲ့ပဲ နိဂုံးချုပ်ပါ။ ကိုယ့်ရဲ့နိဂုံးဟာ တစ်ခြားသူတွေအတွက် လှပတဲ့နိဒါန်းတွေအဖြစ် ဖန်တီးနိုင်မှာပါ။ အစ်ကို သောက်တယ်ဆိုတာက ကိုယ့်ရဲ့အလုပ်ကိုယ့်ရဲ့ဘဝကို ထိခိုက်အောင် ဘယ်တော့မှမသောက်ဘူး။ မသောက်ရင်တော့ အကောင်းဆုံးပေ့ါ ညီလေးလဲနားလည်မှာပါ။ ကဲ… အစ်ကိုလဲ ဆေးရုံရက်ချိန်းလေးရှိလို့လာပြတာ အထဲထိတော့ မဝင်နဲ့တော့၊ ဂိတ်ဝမှာပဲ ရပ်ပေးပါညီလေး"

"ဆရာက ကျန်းမာရေးဘာဖြစ်လို့လဲဗျ"

"ခန္ဓာရှိတော့ ဝေဒနာရှိတာပေ့ါညီလေးရာ ဒီလောက်ပါပဲ"

ဆရာမဖြေချင်သည့် မေးခွန်းကို သူဆက်မမေးတော့ပါ။ သို့သော် ဆရာသည် ဆေးရုံထဲရှိ ကင်ဆာရောဂါဌာနသို့ ဝင်သွားသည်ကို တွေ့လိုက်ရသည်။ သူစိတ်မကောင်းဖြစ်မိသည်။ သို့သော် ဆရာ့အား သူမေးဖြစ်မည်မဟုတ်ပါ။

ဆရာ့ကို စောင့်နေရင်းနှင့် ဆရာနှင့် ဆိုင်ကယ်ပေါ်တွင် ပြောခဲ့သည့်စကားများကို ပြန်လည်တွေးမိနေခြင်းဖြစ်သည်။ အချိန်အတော်ကြာသည့်တိုင် ဆရာထွက်မလာသည်ကို နာရီကြည့်မှ သတိထားမိသည်။ တခြားအပေါက်ကများ ပြန်သွားသလား။ သူကပဲ အတွေးလွန်ပြီး သတိမထားမိတာလားတော့ မသိပေ။ ထို့ကြောင့် ပြန်ရန်ပြင်ဆင်လိုက်တော့သည်။

(၅)

သုံးဘီးဆိုင်ကယ်ကို ပုံမှန်လေးပဲမောင်းနေခဲ့သည်။ သူ၏ ဘဝကိုလည်း ယခုလောက်နှင့်ပင် နိဂုံးချုပ်ပြီး မိန်းမနှင့်သမီးလေး၏ ဘဝနိဒါန်းများလှရန်အတွက် ကြိုးစားရမည်။ နိဂုံးဆိုသည်မှာ သူ့အတွက်ရပ်တန့်ခြင်း၊ အဆုံးသတ်ခြင်းမဟုတ်ဘဲ တော်သင့်ရုံလောက်နှင့်ပင်ထပ်မံစီးဆင်းရဦးမည့်အရာတစ်ခုသာဖြစ်သည်။ လူများ၏ သတ်မှတ်ချက်သည် ကိုယ့်ဖြစ်တည်မှုမဖြစ်စေရန်သာ ကြိုးစားရမည်ဖြစ်သည်။

သေချာသည်ကတော့ သူ၏နာကျင်မှုများကို မေ့ပျောက်ရန်အတွက်သူထပ်ပြီးစီးဆင်းရဦးမည်ဖြစ်သည်။

မှန်ပါသည် ယခုထက်မပိုသည့် စီးဆင်းမှုများဖြင့် ထပ်မံစီးဆင်းရဦးမည်ဖြစ်သည်။

ထို့ကြောင့် လမ်းတွင်တွေ့ရသော သောက်နေကျမဟုတ်သည့်အရက်ဆိုင်တစ်ဆိုင်ရှေ့တွင် သူ၏ဆိုင်ကယ်ကို ထိုးရပ်လိုက်သည်။ သူ၏ရပ်တန့်သွားတော့မည့် ဘဝနိဂုံးများအတွက် ဆက်လက်စီးဆင်းရန်ဖြစ်သည်။ ထိုစဉ်မှာပင် ဆိုင်၏ထောင့်တစ်နေရာတွင် တစ်ယောက်တည်းထိုင်နေသော ဆရာပြည့်စုံကို သူမြင်တွေ့လိုက်ရပါတော့သည်။








## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁/၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်၊ တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းများ၊ တပ်မတော်ပညာရေးကျောင်းများ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ၄ ခွဲ တို့အတွက် လိုအပ်သော ဆက်တင်ပိုင်းဆိုင်ရာပစ္စည်းများ၊ ဖျော်ဖြေရေးဆိုင်ရာပစ္စည်းများ၊ ဝတ်စုံပိုင်းဆိုင်ရာပစ္စည်းများ၊ ဓာတ်စင်ပိုင်းဆိုင်ရာပစ္စည်းများ၊ ပုံနှိပ်စက်သုံးကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးခွံနှင့်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ သင်ထောက်ကူဆိုင်ရာပစ္စည်းများ၊ တူရိယာပစ္စည်းများအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် တင်ဒါပုံစံဖြည့်စွက်ပြီး ၂၀-၄-၂၀၂၆ ရက် နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။ ထိုသို့တင်သွင်းရာတွင် တင်သွင်းသူများအနေဖြင့် တောင်းခံလွှာတစ်ခုချင်းစီ၏ Lot အလိုက် ပစ္စည်းများအားလုံး တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ်၊ ၀၃၂-၃၀၂၆၉၊ ၀၃၁-၇၄၀၂၀၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၂၇၄၊ ၀၃၃-၇၂၇၈၁၊ ၀၃၆-၃၀၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဆန်းမြို့သစ်(၃)၊ ဇုန်(၄)၊ အကွက်(၁၀)၊ မြေကွက်အမှတ်(၉၆)၊ ဦးသန်းအောင်အမည်ပေါက် ပေ ၃၀ x ၄၀ ခွဲရောင်းမြေကွက်ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရောင်းချသူ ဦးဝင်းလင်းထက်(၁၄/ပတန(နိုင်)၁၁၄၈၆၀)

ဝယ်ယူသူ ဒေါ်ယဉ်ယဉ်ဖြိုး(၉/မလန(နိုင်)၁၃၄၄၅၂)

**သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**အိမ်ပြင်ပဥ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။

နေပြည်တော် မေ ၁၁

"နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်"ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် မေ ၁၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းကလေးဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များနှင့် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အောင်သပြေခက်များ၊အိုးစည်ဒိုးပတ်အတီး၊အမှုတ်၊ အက၊အခုန်များဖြင့် ဝမ်းမြောက်စွာသောင်းသောင်းဖြဖြတက်ရောက်ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးတည်ဆောက်မည့် ပြည်သူ့စစ်မှုထမ်းများ**

ဆောင်းပါး စာမျက်နှာ - ၈

**ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်**

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် မေ ၁၃ ရက် (တနင်္လာနေ့)မှ မေ ၁၈ ရက် (စနေနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး မေ ၁၉ ရက် (တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။